www.burmeseclassic.com

စိန်ရောင်စုံစာပေ

BURMESE CLASSIC .com

မောင်ခိုင်မာ

ပြုံးလိုက်စမ်းပါ

# ရင်ဖရယ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၆၂၀၀၄၆၀၇၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၆၂၀၀၆၃၀၉၁၀

ပုံနှိပ်ခြင်း ပထမအကြိမ်၊
၂၀၁၂၊ ဇန်နဝါရီ
မျက်နှာဖုံးဒီဇိုင်း အေးမြှုအောင်
အတွင်းဖလင် A-7
စာအုပ်ချုပ် ကိုမြင့်လွင်
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ဦးအောင်မြင့်သိန်း
(မြ-၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ်(၂၄၇)
ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတား
ထုတ်ဝေသူ ဦးချစ်ညွှန့်
(၀၄၀၀၄)
ဇင်ရတနာစာပေ
၂၉၅၊ (က/၄လမ်း)
မြို့သစ်(က+ခ)ရပ်ကွက်
အင်းစိန်။

တန်ဖိုး ၁၀၀၀ ကျပ်

## မာတိကာ

အမောထဲက အပြုံး ... ... ၃
၁။ လက်ဝတ်ရတနာနဲ့ စိတ်ဝတ်ရတနာ ၁၅
၂။ ပလက်တီနမ် မျက်စောင်း ... ... ၂၀
၃။ ကျွန်ုပ်အချစ်... အိုအေစစ် ... ... ၂၄
၄။ ပုလဲတစ်လုံး... ရွှဲတစ်လုံး ... ... ၃၄
၅။ ရှင်မအမည်.. ရှဘီ ... ... ၂၉
၆။ ဥသျှစ်မယားလုသားနဲ့ ပြေ င်ခေါင်းစိမ်းရှင်မ ၃၉
၇။ ကြည်ပြာရေ... နီလာရေ... ... ... ၄၄
၈။ အညိုပန်းတစ်ပွင့်ရဲ့ မာန ... ... ၄၈

www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| ၉။ | ရင်ထဲက ပုံဆောင်ခဲ | ... ... ၅၃ |
| ၁၀။ | ပန်ပြာခွက်နဲ့ ကျောက်စက်ရေ | ... ... ၅၉ |
| ၁၁။ | ရွှေဘုံသာလမ်း လိပ်ပြာဖမ်းပွဲ | ... ... ၆၆ |
| ၁၂။ | ခရမ်းစွဲမေတ္တာ | ... ... ၇၅ |
| ၁၃။ | နေနဲ့လ ရွှေနဲ့မြ | ... ... ၈၃ |
| ၁၄။ | စိန်နားကပ်ကြီး ပန်ရမယ် | ... ... ၉၁ |
| ၁၅။ | တတိယ မြစ်ချစ်သူ | ... ... ၉၉ |
| ၁၆။ | ၁၀၈ လုံး ပယင်းပုတီးတစ်ကုံး | ... ... ၁၀၇ |
| ၁၇။ | ရတနာ အနီမော်ကွန်း | ... ... ၁၁၆ |
| ၁၈။ | မြစိမ်းရောင် ရင်ခွင်မှာ... | ... ... ၁၂၄ |
| ၁၉။ | မိုးပြာအောက်က ကဗျာတစ်ပုဒ် | ... ... ၁၃၂ |
| ၂၀။ | အရောင်မဲ့ ရင်ခုန်သံ ဘယ်မှာ... | ... ၁၄၀ |
| ၂၁။ | မာလ်တီလူသား ဖျားနေတယ် | ... ... ၁၄၉ |
| ၂၂။ | ပြုံးလိုက်စမ်းပါ ရှင်မရယ် | ... ... ၁၅၁ |


# အမောထဲက အပြုံး

မိမိရဲ့ နှစ်လေးဆယ် ကဗျာခရီးမှာ ကဗျာစာအုပ် (၁၃)အုပ် ထွက်ခဲ့ပြီးပါပြီ။

အဲဒီ (၁၃)အုပ်ထဲမှာ မှော်ဝင်းပါပြီး ကဗျာတချို့ကို စိတ်ကြိုက်ရွေးထုတ်ခဲ့တာဆိုလို့ (၄)အုပ်ပဲ ရှိပါသေးတယ်။ အဲဒီ (၄)အုပ်က...

| | |
|---|---|
| သီဂါရငှက်များ | (ဇူလိုင်၊ ၁၉၈၈) |
| ငွေလမင်းကို နမ်းတဲ့ည | (ဩဂုတ်၊ ၁၉၉၀) |
| ရှင်မရေ (၁) | (ဇူလိုင်၊ ၁၉၉၇) |
| ရှင်မရေ (၂) | (မေလ၊ ၂၀၀၃) |

တို့ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့ (၉)အုပ်ကတော့ လုံးချင်းထုတ်ဖို့ သီးသန့်ရေးဖွဲ့ခဲ့တဲ့ ကဗျာရှည်တစ်ချို့နဲ့ မွေ့ရသ ကဗျာတချို့ပဲ ဖြစ်တယ်။ အခု စုစည်းဖော်ပြထားတဲ့...

"ပြုံးလိုက်စမ်းပါ ရှင်မရယ်" ကဗျာစုကတော့... 'ရတီ' ကျောက်မျက်ရတနာ မဂ္ဂဇင်းမှာ ဖေဖော်ဝါရီလ ၂၀၀၁ ကနေ ဖေဖော်ဝါရီလ ၂၀၀၃ အထိ ဆက်တိုက် ဆိုသလို ရေးဖြစ်ခဲ့တဲ့ ကဗျာစု (၂၂)ပုဒ် ဖြစ်ပါတယ်။

မိမိရဲ့ ကဗျာဘဝနဲ့ လက်တွေ့အရ ဝေးကွာလွန်းတဲ့ ကျောက်မျက်ရတနာမဂ္ဂဇင်းမှာ ဘယ်လို ရတနာကဗျာမျိုးတွေ ရေးဖွဲ့ဖြစ်ခဲ့ပါသလဲ၊ ဘဝအမော များဖွာထဲမှာ ဘယ်လို ရတနာကြောတွေကို ရှာဖွေ တွေ့ရှိခဲ့ပါသလဲ၊ အမောထဲက အပြုံးကို ဘယ်လို သိကုံး ဖွဲ့ဆိုပြခဲ့ပါသလဲ၊ ဘဝရဲ့ တန်ဖိုးနဲ့ အလှရဲ့ တန်ဖိုးကို ဘယ်လို ချိန်ထိုးပြီး ခံစားနှိုင်းယှဉ်ကြည့်ခဲ့ပါသလဲ။

ရတနာဝေဒနဲ့ ကဗျာဝေဒကို သမမျှတ လှပပြေပြစ်အောင် ဘယ်လို ပန်တီးဖွဲ့ဆိုခဲ့ပါသလဲ။



ဇာတိပွိုလ်သီးတစ်လုံးရဲ့ အာနိသင်ဟာ ရုပ်မှာ ဖြစ်ပေါ်တတ်တဲ့ ဝေဒနာတစ်မျိုး။ နှစ်မျိုးလောက်ကိုတော့ လက်တွေ့ကျကျ သက်သာပျောက်ကင်းစေနိုင်တာ အမှန်ပါပဲ။ အဖိုးတန် ကျောက်မျက်ရတနာတစ်ပွင့်ရဲ့ အာနိသင်ကတော့ ဘယ်လို ရောဂါဝေဒနာမျိုးကို သွေးလိမ်း၊ သွေးသောက်ရုံနဲ့ ပျောက်ကင်း ချမ်းသာလိမ့်မယ်လို့ လက်တွေ့မျက်တွေ့ မကြုံဖူးပါ။ ဒါပေမယ့် လူသားရဲ့ စိတ်မှာ...

ဇာတိပွိုလ်သီးတစ်လုံးရဲ့ အသုံးဝင်မှုကို လိုအပ်ချိန်ကျမှသာ သတိရနေတတ်ပြီး အရည်အသွေးကောင်းမွန်တဲ့ ကျောက်မျက်ရတနာတစ်ပွင့်ကိုတော့ တစ်ကြိမ်တစ်ခါလောက် ထိတွေ့ပြတွယ်ဖူးရုံမျှနဲ့ တစ်သက်မမေ့ကြတော့ပါ။ ဘာကြောင့် သည်လိုဖြစ်ရပါလဲ။

www.burmeseclassic.com



ဇာတိပ္ပိုလ်သီးတစ်လုံးဟာ အခြေအနေ၊ အချိန်အခါ တစ်ရပ်ကိုသာ ကိုယ်စားပြုပြီး ရတနာတစ်ပွင့်ရဲ့ ဂုဏ်ရည်ကတော့ အကာလိက၊ အခါမလင့် တင့်တယ်မှုတစ်ခုကို ကိုယ်စားပြုနေလို့ပါပဲ။

ပထမအမျိုးအစားကို ရုပ်ပိုင်းဆိုင်ရာ သဘာဝလို့ သတ်မှတ်ရင် ဒုတိယအမျိုးအစားကို စိတ်ပိုင်းဆိုင်ရာ အာလယလို့ အဆိုပြုကြည့်ချင်ပါတယ်။

ရုပ်ပိုင်းဆိုင်ရာ သဘာဝတိုင်းမှာ အချိန်ကာလနဲ့ တန်ဖိုးသတ်မှတ်ချက်တွေ ရှိနေတတ်ပြီး စိတ်ပိုင်းဆိုင်ရာ အာလယကတော့ ကာလနဲ့ တန်ဖိုးဆိုတဲ့ ကန့်သတ်နယ်နိမိတ်တွေကို ဖြတ်ကျော်သွားတတ်ကြပါတယ်။

ပထမသဘာဝနဲ့ ဒုတိယသဘာဝဟာ အဲသလောက်ကိုပဲ ကွာခြားလှပါတယ်။



*

ဆုံစည်းမှု အကြောင်းတရားများစွာထဲမှာ ကဗျာနဲ့ ဆုံစည်းခွင့်ရခဲ့တာဟာ ကြိုတောင့်ကြိုခဲ မင်္ဂလာတစ်ပါးပါပဲ။ မွေ့လျော်မှုများစွာထဲမှာလည်း ကဗျာနဲ့ မွေ့လျော်ခွင့်ရတာဟာ စိတ်အဆင့်အတန်း မြင့်ရပါပေတယ်။

လောကမှာ ကိုယ်နှစ်သက်တဲ့အရာ၊ ကိုယ်မြတ်နိုးတဲ့အရာ၊ ကိုယ်တန်ဖိုးထားတဲ့ အရာကို 'ရတနာ' လို့ တင်စားလေ့ရှိကြပါတယ်။ သည်စာစုရဲ့ အထက်တစ်နေရာမှာ ကဗျာကို ရင်နာလို့ ဘာကြောင့် အမှတ်မထင် တင်စားမိလိုက်ပါလိမ့်။ လောကီရတနာများစွာအနက် ကျောက်မျက်ရတနာတစ်မျိုးမျိုးကို တန်ဖိုးဖြတ်ရတဲ့ကိစ္စဟာ အလွန်တရာ ခက်ခဲလှပါတယ်။ ခက်ခဲသလောက် သိမ်မွေ့ပြီး သိမ်မွေ့သလောက် ထိရောက်ချင်မှ ထိရောက်တဲ့ အလုပ်ဟာ ရတနာဗေဒအလုပ်ပါပဲ။ ဒုတိယ သဘာဝနဲ့ ပုံသဏ္ဍာန်တူတဲ့ ရတနာဗေဒ အဆင့်ဟာ အဲသလောက်ကိုပဲ နက်နဲလှပါတယ်။

www.burmeseclassic.com



'ပတ္တမြားဘုန်းတောက် ၊ မြကျောက်အေးချမ်း
စိန်စွမ်းဂုဏ်ရောင် ၊ ကြောင်ကားသိဒ္ဓိ...'

ရယ်လို့ အဆိုရှိခဲ့ပေမယ့် ခံစားသူရဲ့ စိတ်အာရုံမှာ ငြိတွယ်ဖို့သာ အရေးကြီးပါတယ်။ ခံစားသူရဲ့ ရင်ဘတ်နဲ့ မနီးသေးဘူး ဆိုရင်တော့ နဝရတ်ကိုးပါးဟာလည်း ဝိုးတဝါး မျှသာပါပဲ။

ဒါကြောင့်လည်း နဝရတ်ကိုးပါးဝင် မဟုတ်တဲ့ ပြောင်ခေါင်းစိမ်းကျောက် (Peridot) လေးတွေဟာ နှစ်သက် ခံစားသူတွေရဲ့ကြားမှာ ထင်ရှားနေတာပေါ့။ အများကြိုက် ပတ္တမြားကျောက်တွေကြားမှာ Spinel လို့ခေါ်တဲ့ အညံ့ပန်းကျောက်လေးတွေကို နှစ်သက်ခုံမင်သူတွေ ရှိနေကြတာပေါ့။ တစ်ကြိမ်လောက် ထိတွေ့ဖူးရုံနဲ့ တစ်သက်မမေ့နိုင်အောင် တသသ ဖြစ်နေကြတာပေါ့။ ကဗျာဆိုတာ ရတနာတစ်မျိုးပဲလေ။



*

အကြိုက်တရားကိစ္စမှာ...

ကွဲလွဲခွင့်၊ ငြင်းပယ်ခွင့်၊ သဘောမတူခွင့်၊ ပုဂ္ဂလိက ဆန်ခွင့်တွေ ရှိနိုင်ပါတယ်။ ရှိလည်း ရှိအပ်ပါတယ်။ အကြိုက်တရားဆိုတာ အရေအတွက် အနည်းအများကိစ္စ မဟုတ်ပါ။ အများညီရုံနဲ့ 'ဤ' ကနေ 'ကျွဲ' ဖြစ်မလာနိုင်ပါ။

သယံဇာတ ရတနာပွင့်လေးတွေနဲ့ အလားသဏ္ဍာန်တူတဲ့ ဘဝတွင်းထွက်ကဗျာ (၂၂)ပွင့်ကို မိမိ ရှာဖွေတူးဖော်ကြည့်ခဲ့ပါပြီ။ ဖော်ပြပါ ရတနာ (၂၂)ပွင့်ထဲက တစ်ပွင့် ပွင့်ကိုတော့ အာရုံ သက်ရောက်မိကြမှာပါပဲ။ သက်ရောက်သည်ဖြစ်စေ၊ မသက်ရောက်သည်ဖြစ်စေ မိမိအနေနဲ့ ခင်းကျင်းပြသလိုက်ပါပြီ။

သဘာဝတွင်းထွက်ကျောက်ဖြစ်ရုံနဲ့၊ အသားရင့်ပြီး ပွင့်အား ကောင်းရုံနဲ့၊ အပြစ်အနာ လွတ်ကင်းရုံမျှနဲ့ အများကြိုက် ရတနာတစ်ပွင့် မဖြစ်နိုင်သေးသလို...

ကဗျာပဒေသ ညီရုံနဲ့ ထုံးမီစံကိုက်ဖြစ်ရုံနဲ့ အပြစ်ဒေါသ လွတ်ကင်းရုံနဲ့ ဗဟုခံစားမှုကဗျာတစ်ပုဒ် မဟုတ်နိုင်သေးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ရတနာတစ်ပွင့်ရဲ့ အဆင့်အတန်းဟာ နှစ်သက်ခံစားသူ တစ်ဦးတစ်ယောက်ရဲ့ အကြိုက်တရားပေါ်မှာ တည်မှီနိုင်ပေမယ့်…

အနုပညာတစ်ရပ်ရဲ့ အဆင့်တန်းကတော့ ခံစားဖန်တီးသူ တစ်စုံတစ်ယောက်ရဲ့ အကြိုက်တရားပေါ်မှာ တည်မှီခွင့် မရှိခဲ့ပါဘူး။

ဘာကြောင့်လဲဆိုတော့…

ခံစားမှုတစ်ခုခုက မွေးဖွားလာတဲ့ အနုပညာတစ်ရပ်ရပ်တိုင်းမှာ တစ်စုံတစ်ရာသော အမာခံပရိသတ်ရှိနေလို့ပါပဲ။

ထိုမှုမက… အလွန်တရာ ထွေပြားပြီး ထွေပြားသလောက် သိမ်မွေ့ကာ သိမ်မွေ့သလောက် ထိရောက်ဖို့ မလွယ်တဲ့ အလုပ်ဟာ ကဗျာ ဖြစ်နေပါတယ်။ အဲဒီကဗျာအလုပ်ကို မိမိ ပြုလုပ်တည်ဆောက်မိခဲ့ပါပြီ။



*

နှစ်ဆယ်ရာစုလွန် မျက်မှောက်ကမ္ဘာကြီးထဲမှာ ဖြစ်ရပ်တော်တော်များများဟာ ဖြုန်းစားပြင်းစားကြီးတွေ ပြောင်းလဲနေကြပါတယ်။ လောကကြီး ပြောင်းလဲနေတာနဲ့ အမျှ လောကအမြင်တွေလည်း ပြောင်းလဲနေကြတာပါပဲ။ လောကအမြင်တစ်ရပ်ရပ်ကို ကိုယ်စားပြု ထင်ဟပ်လေ့ရှိတဲ့ အနုပညာရေးရာတွေဟာလည်း ပြောင်းလဲနေတာပါပဲ။ အနုပညာရဲ့ အစိတ်အပိုင်း တစ်ရပ်ဖြစ်တဲ့ ကဗျာဘက်ကို ငဲ့ကြည့်လိုက်ရင်ကော…

ငြိမ်နေတဲ့ ကဗျာ၊ ရပ်နေတဲ့ ကဗျာ၊ ငေးနေတဲ့ ကဗျာရယ်လို့ မရှိတော့သလောက်ပါပဲ။

တစ်ခုတော့ ရှိတယ်။

ကဗျာရဲ့ အသွင်သဏ္ဍာန်တွေ၊ အပေါ်ယံအဆောက်အအုံသဘောတွေ၊ ချဉ်းကပ် ခံစားကြည့်ပုံတွေသာ ပြောင်းလဲသွားပေမယ့် ကဗျာရဲ့ ဝိညာဉ်နဲ့ ကဗျာရဲ့မူလ (အတွင်းသရုပ်) ကတော့ မပြောင်းလဲ နိုင်ပါဘူး။ မျက်မှောက်ကာလမှာ အွန်လိုင်းကဗျာ၊ ဖဗီတိုင်ကဗျာ၊

www.burmeseclassic.com

www.burmeseclassic.com



အီးမေးလ်ကဗျာ၊ အင်တာနက်ကဗျာ၊ ဗီစီဒီကဗျာခေတ် ဖြစ်ချင်ဖြစ်လာလိမ့်မယ်။ ကဗျာရဲ့ အနှစ်သာရ သဘာဝ အရတော့ ကဗျာဟာ ကဗျာပါပဲ။ ကဗျာဟာ စကားပြေ သစ် မဖြစ်နိုင်သလို ကဗျာဟာ ကန့်သတ်ခံ ပုံသဏ္ဌာန် တစ်ရပ်လည်း မဖြစ်နိုင်ပါဘူး။ ကဗျာဟာ ရယ်ဒီမိတ် ပစ္စည်းတစ်ခု မဟုတ်သလို ကဗျာဟာ ပရမ်းပတာ စာပေ ပုံသဏ္ဌာန်တစ်ရပ်လည်း မဟုတ်ပါဘူး။

ဒါဖြင့် ကဗျာဆိုတာ ဘာလဲ။

ယေဘုယျပြောရရင်တော့ ကဗျာဟာ နည်းစနစ်ရှိတဲ့ ဖန်တီးမှု အဆင်အယင်တစ်ခု ဖြစ်ပါတယ်။ တကယ့် ဘဝထက် အမှန်တရားနဲ့ ပိုပြီးနီးစပ်တဲ့အရာဟာ ကဗျာ ဖြစ်ပါတယ်။ ဘဝအမောထဲကနေ လှပတဲ့အပြုံးကို ရှာဖွေ ပြနိုင်တာဟာ ကဗျာဖြစ်ပါတယ်။ ကြည့်တတ်မှ မြင်၊ ခင်တတ်မှ လှတဲ့အရာဟာ ကဗျာဖြစ်ပါတယ်။

ကဗျာကို ကဗျာနဲ့ အနီးစပ်ဆုံးတူအောင် သီကုံးရတဲ့ အလုပ်ဟာ ပင်ပန်းလှပါတယ်။

ရေးသူရဲ့အတတ်နဲ့ ဖတ်သူရဲ့ အတွေးတို့ မဝေး အောင် ဖန်တီးရတဲ့ကဗျာဟာ ခက်ခဲလှပါတယ်။

အမောထဲကနေ အပြုံးကို ရှာဖွေရတဲ့ ကဗျာဟာ ပိုပြီး ပင်ပန်းခက်ခဲပါတယ်။ အဲသလို ပင်ပန်းခက်ခဲတဲ့ အလုပ်ကို မိမိ ပြုလုပ်မိခဲ့ပါပြီ။



*

ယခု ကဗျာစာအုပ်လေးနဲ့ပတ်သက်ပြီး ကျေးဇူးတင် ရမယ့် ပုဂ္ဂိုလ်တွေကတော့ မိမိကဗျာတွေကို ရတီ ကျောက်မျက်ရတနာမဂ္ဂဇင်းမှာ စဉ်ဆက်မပြတ် ဖော်ပြ ပေးခဲ့တဲ့ အယ်ဒီတာချုပ် ကိုရိုးကွန့်နဲ့ ယခင်အယ်ဒီတာ အဖွဲ့ဟောင်း ဖြစ်ပါတယ်။

**မောင်ခိုင်မာ**

(၁၆-၃-၂၀၀၃)

www.burmeseclassic.com

www.burmeseclassic.com



ရတီ Gems & Jewels Magazine အတွက် ကဗျာတစ်ပုဒ် မြန်မြန်လုပ်ပေးဖို့ တောင်းခံစာ ရောက်လာတော့ အလန့်တကြား ပြုံးမိပါတယ်။ ရောဂါဝေဒနာအထွေထွေကြောင့် နှစ်နဲ့ချီပြီး ဂီလာန ကဗျာဆရာအိုတစ်ယောက်လိုဖြစ်နေတဲ့ ကျွန်တော်ဟာ...
လက်ဝတ် ရတနာအလှအပတွေကို
ဘယ်လို ခံစားကြည့်ရပါ့မလဲ... ။
ခေတ်သား ခေတ်သမီးတွေရဲ့ အကြိုက်၊
ပျိုပျိုအိုအို ... ကိုကို,မမတွေရဲ့ အကြိုက်၊ အထူးသဖြင့်ပေါ့လေ...
အမျိုးသမီး အချောအလှတွေရဲ့ မနောအလှခေတ်မှာ သောဘာထာမပြတ်စေမယ့် ကဗျာတစ်ပုဒ်ကို ကျွန်တော်ဘယ်လိုလုပ် ကြည့်ရပါ့မလဲ...။ ကဲလေ - မတတ်နိုင်တော့ပါဘူး။
ပုလဲပုတီးလေးတစ်ကုံးဟာ လက်ဝတ်ရတနာ အလှပေါ့... ။
စိတ်ပုတီးလေးတစ်လုံးဟာလည်း စိတ်ဝတ်ရတနာရဲ့ ဓမ္မပေါ့... ။
အလှနဲ့ဓမ္မရဲ့သဘာဝကို သမမျှတအောင် ဆင်ခြင်ပြီး သကာလ... ။
အမျိုးသမီးတွေလည်းကြိုက်... ၊
အဘိုးကြီးတွေလည်း ခိုက်မယ့် ကဗျာတစ်ပုဒ်ကို ကျွန်တော် ဟောသလို လုပ်ကြည့်လိုက်ပါတယ်။



# လက်ဝတ်ရတနာနဲ့ စိတ်ဝတ်ရတနာ

[ ၁ ]

ဆံထုံးပေါ်မှာ နေချင် နေ
ရွှေလည်တိုင်မှာ နားချင် နား
နားရွက်ဖျားလေးပေါ် ပျော်ချင် ပျော်
ရင်ညွန့်ပေါ်မှာ ဝဲချင် ဝဲ
ခမည်းလက်စွပ်အသွင် ဆင်ချင် ဆင်
မဂ်လာ လက်စွပ်တန္ဆာ သုံးချင် သုံး
အားလုံးကို ခြုံပြောရရင်တော့
ဣတ္ထိယလောကရဲ့ ရမ္မက်ညွတ်စရာပါ့
လက်ဝတ်ရတနာအလှ အဖုံဖုံကို
ရှင်မလည်း ကြုံဖူးမှာပေါ့ကွယ်... ။

www.burmeseclassic.com



[ ၂ ]

အသက်တလှုပ်လှုပ်နဲ့ မနားကြရတဲ့
လက်လုပ်လက်စား မိန်းမသားပင်ဖြစ်စေ
ရွှေကိုမြင်... သွားရည်မယို
ငွေကိုမြင်... သွားရည် မကျခဲ့ပေမယ့်
လှပတဲ့ လက်ဝတ်ရတနာ အဖုံဖုံကိုတော့
မြင်ရုံနဲ့ ရင်ခုန်မိခဲ့တဲ့ အဖြစ်
ရှင်မှာ အပြစ်မရှိပါဘူးကွယ်... ။

[ ၃ ]

'ပတ္တမြား'... 'စိန်ခဲ' ၊ 'ပုလဲ'... 'သန္တာ'
'ဂေါ်မိတ်ဖြူသား' ၊ 'နီလာ'... 'ကြောင်ကျောက်'
'တောက်ပ ဥဿဖယား' ၊ 'မြသားဖျတ် ဖျတ်'
နဝရတ်ကိုးသွယ်
တန်ခိုးသိဒ္ဓိ အသွယ်သွယ်နဲ့
အံ့ချီးဖွယ်ရာ ထိုလက်စွပ်ဟာ
လက်ဝတ်ရတနာတို့ရဲ့ အထွဋ်အခေါင်ပေါ့
ဆောင်ထားချင်တာပါ့ ရှင်မရယ်... ။



[ ၄ ]

သိဒ္ဓိရတနာ အစီအရင်
ရောင်ကြည်ရန် အန္တရာယ် ကျောက်မျက်
ရွေးချယ်ရန် အမှန်ပင် ခက်သော်လည်း
လက်ဝတ်ရတနာ အသွင်စုံစုံကိုတော့
မြင်ရုံနဲ့ ရင်ခုန်မိခဲ့ကြတယ်
ကမ္ဘာ့တို့ယ အချောအလှတွေသာမက
ပုရိသ လောကသားတွေပါ မကျန်
ရင်ခုန်သံ နည်းနည်းမြန်သွားကြတယ်
ဒါ... အမှန်တရားပေါ့ ရှင်မရယ်... ။

www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

ချစ်တဲ့သူ အရိုးကိုမှ
'ဆံထိုး' လုပ်ချင်တဲ့ မိဖုရားလား
စိန်မရှား၊ မြမရှား
အလွန်ပင် များသော်လည်း
ဆဒ္ဒန်ရှင် ဆင်စွယ်ကိုမှ
ပန်ဆင်ချင်လှတဲ့ မိဖုရားလား
ကိုယ့်ကိုယ်ကိုယ် သတိထားပြီး မေးကြည့်ပါ
ရွေးစေ့ငယ်လေး တစ်လုံးမှ အစ
ရောမ 'ကိုဟီးနိုးစိန်တုံး' ကြီး အထိ
ရတနာစောင့်နတ်တွ ရှိနေတယ် နော်... ။



[ ၆ ]

လက်ဝတ်ရတနာ အဖုံဖုံကို
မြင်ရုံနဲ့ ရင်ခုန်ခဲ့ကြပြီ
စုံမက်စွာ စိတ်ညွတ်ခဲ့ကြပြီ
'စိတ်ဝတ်ရတနာ' ချစ်စရာလေးတွေကိုလည်း
မေတ္တာနှလုံး အလှဆုံးနဲ့
ထုံးဖွဲ့ ဆင်သနိုင်စေသတည်း
ဆင်သ, မြင်ကြ, ရွှင်ပျပါစေသတည်း။ ။

ဖေဖော်ဝါရီ၊ ၂၀၀၈

www.burmeseclassic.com

www.burmeseclassic.com



## ပလက်တီနမ် မျက်စောင်း

■ 'ပိုက်ဆံများ ရှိလို့ကတော့
... စိန်တွေကို ဝယ်ပြီး
တစ်ကိုယ်လုံး စိန်စီ ပစ်လိုက်မယ်'... တဲ့။
တီဗီဖန်သားပြင်ပေါ်က
ကြော်ငြာမင်းသမီးလေးရဲ့ စရိုက်တစ်ကွက်ဟာ
ရိုက်ချက် သိပ်မိရုံမျှမက
ကြည့်သူတွေရဲ့ စိတ်ရှိသမျှကိုလည်း
ကွန်ပါဒ်နဲ့ သရုပ်ဆောင်လေသလား
ကျွန်ုပ်တောင်
ကြောင်တောင်တောင် ဖြစ်သွားတယ်။



■ 'လက္ခဏာ မလှသေးတာကို ငဲ့ညှာရ...
အသက်ဇရာ ဘဝရေးရာကို ငဲ့ညှာရ...
မနက်စာ ညစာလေး နှစ်ထွာကို ငဲ့ညှာရ..
စုံစီနဖာတွေကို
တုန်ယင်စွာ ငဲ့ညှာနေရတာနဲ့ပဲ
မနွဲ့သာ မလှည့်သာတဲ့ ကျွန်မအဖြစ်
စိတ်နဲ့ကိုယ် ညစ်ပါရဲ့တော်
တစ်သိန်းကျော်တန်
ပလက်တီနမ် နားကပ်လေးတစ်ရံနဲ့တော့
ဝေးပေါ့... ဝေးပေါ့'... တဲ့လေ
မေးငေါ့ ပြောနေတဲ့ ရှင်မ ပါးစပ်
ကျွန်ုပ်က
ဘာများကော တတ်နိုင်ဦးမှာလဲ...။

www.burmeseclassic.com

www.burmeseclassic.com



■ ဗြိတိန်နိုင်ငံရဲ့ အသက်လေ
ထီးမွေနန်းလျာ ဆက်ခံမယ့်
အဲလီဇဘက် ရွှေမင်းသမီးလေးနဲ့
သူမရဲ့ ကြင်ယာတော် ဖြစ်လာမယ့်
ဖိလစ်မင်းသားလေးတို့ စုံတွဲ
စေ့စပ်ကြောင်းလမ်းပွဲ အခမ်းအနားမှာ
ဖိလစ် မင်းသားလေးက
စိန်ပွင့်လေးတွေ ခြံရံလို့
ပလက်တီနမ်နဲ့ ပြုလုပ်စီမံထားတဲ့
အဖိုးတန်လက်စွပ်ကို
လက်ဝတ်ရတနာ အဖြစ်သာမက
တစ်သက်တာ မြတ်နိုးခြင်း အထိမ်းအမှတ်
ရွှေမင်းသမီးလေးကို
ပေးအပ်ခဲ့ဖူးတဲ့ မှတ်တမ်း
ဟိုတုန်းကတော့ ခပ်ဆန်းဆန်းပေါ့
အဟမ်း… အခုတော့
တော်ဝင်နန်းတော်ရဲ့ သတင်းတစ်ပုဒ်ဟာ
ကျွန်ုပ်အတွက် စာရင်းရှုပ်ပါဘိ
ထမင်းတစ်လုတ်လောက်တောင် မမက်ပါကြောင်း
ရှင်မကို ပြန်ပြောင်းပြောပြတော့
ဒေါသမျက်စောင်းကြီးထိုးတာ ခံခဲ့ရတယ်။



■ ရွှေမထွက် ငွေမထွက်ပေမယ့်
ကာရံနှံ့နဘေတွေ ထွက် ထွက်လာတတ်တဲ့
ကဗျာဆရာအိုကြီးရဲ့ လက်ဟာ
ရှင်မအတွက်ဆိုလျှင်…
အသက်ကိုပင် လက်ဝတ်ရတနာအဖြစ်
တစ်သက်ဝတ်စရာ ပေးဝံ့ပါတယ်
သွေးမရှို့ပါဘူး ရှင်မရယ်…။

■ ရှင်မဟာ
ရမ္မက်ညွှတ်စရာ
အဖုံဖုံ အဖြာဖြာတွေထဲက
လက်ဝတ်ရတနာ တစ်စုံတစ်ရာကြောင့်
သုန်မှုန်စွာ ခြေဆောင့်နင်းပါလို့
အပြင်းစား မျက်မှောင်ကြုတ်လေသလား
ထမင်းစား ပျက်အောင်ပဲ လုပ်လေသလား
ကျွန်ုပ်အတွက်တော့
ပလက်တီနမ် မျက်စောင်းဟာ
တော်တော့ကို ကြောက်စရာ ကောင်းပါလားကွယ်။

မတ်လ၊ ၂၀၀၁

www.burmeseclassic.com

www.burmeseclassic.com



## ကျွန်ုပ်အချစ်... အိုအေစစ်

■ လှတာကို အပိုထင်လို့
မလိုချင်သူ လက်ညှိုးထောင်... ဆိုရင်
ထောင်မယ့်လက်ညှိုးတွေ မြေလျှိုးပြီး
အင်္ဂလိမာလကြီးတောင်မှ
ရေချိုးပြန်ရလိမ့်မယ် ရှင်မရယ်...။



*

■ ပုထုဇဉ်မှန်သမျှ
အလှမကြိုက်သူ... မလှချင်သူ
ဤဖမ္ဗူတစ်ခွင်မှာ
တစ်မျိုး,တစ်မျှင်စာမျှ မရှိ
ရှိရင် ပြောကြပါဘိ
အလှနှင့်လူ ၊ လူနှင့်အလှ
ခွဲမရအောင် စွဲဆောင်နေကြ
အလှက လူကိုစွဲနေတာ မဟုတ်
လူက အလှကို ရှာဖွေ
ရလေ... လိုလေ... အို တဈေ...။

www.burmeseclassic.com

www.burmeseclassic.com



*

■ အသွင်ရှုပါကို
မြင်သူတကာ ငေးကြည့်ရအောင်
ငေးကြည့်သူတွေ ရမ္မက်ညွတ်လာရအောင်
လက်ဝတ်ရတနာမျိုးစုံ
အဆင်တန်ဆာမျိုးစုံနဲ့
အာရုံတွေကို နှိုးဆွကြ
လှုဂုဏ်ဝင့်အောင် ပြင်ဆင်ကြ
သခ်ါရကို ဝင်မလာရအောင် တားဆီးကြ
အို… အသင်လောက ရင်မောစွ
မြင်အောင်ကြည့်ပါ ကျုပ်ရှင်မ။

*

■ အတွေ့ခ၁တ်လေးတွေကို
မမေ့တတ်အောင်ပေါ့လေ
စေ့စပ်လက်စွပ်လေးတွေ ပေးကြ
လက်ထပ်လက်စွပ်လေးတွေ ပေးကြ
အချစ်နှစ်လည်နေ့ကို အစွဲပြု
ငွေရတု,ရွှေရတု လက်စွပ်လေးတွေ ပေးကြ
အေး… သည်လိုနဲ့ပဲ
မလွဲသာလို့ ခွဲခွာကြရတဲ့အခါ
သူက… ဟိုဟာယူ
ငါက… သည်ဟာယူနဲ့
ကြည်ဖြူခဲ့သမျှ ကျောခိုင်းကြပြီ။



■ တစ်ခါက ကဗျာလေးတစ်ပုဒ်ကွယ့်
ကျွန်ုပ် ခုချိန်အထိ အလွတ်ရခဲ့
ရှင်မကို ရွတ်ပြရဦးမယ်
(ကဲ – ရှင်မနားထောင်
အိမ်ရှိ တောင်း,ပလုံး,နှီး,ဖျာ
ညည်းက အကုန်ယူ…
ငါက နှီးဖြာတတ်သူ…
အိမ်ရှိ အထည်အလိပ်
ခေါင်းအုံး,မွေ့ရာ
ငါက အကုန်ယူ…
ညည်းက ရက်ကန်းခတ်တတ်သူ… ။

www.burmeseclassic.com



ဘူးစင်အောက်မှာ နွားတစ်ရှဉ်း
ညည်းကြိုက်တာ ရွေးယူ..
အိမ်ရှိ ခွေးနက်ကျော် ၊ သူပျော်ရာနေ
ညည်းနဲ့ငါ ပြတ်စဲစေ...)* တဲ့
မည်သို့ပင်ဖြစ်စေ
ကျွန်ုပ်အချစ်ဟာ အိုလေ သစ်လေပေါ့
နဂိုအနေကလည်း မညစ်ခဲ့ပါဘူး
အိုအေစစ်ပါ ရှင်မရယ်...။

---

* ဦးအောင်ချို (မဟာဝိဇ္ဇာ)၏ 'မြန်မာ့အိမ်သူ့ မြန်မာ့မှု' စာအုပ်
စာပေဗိမာန်ထုတ်၊ ၁၉၉၃၊ စက်တင်ဘာလမှ...

မေ၊ ၂၀၀၁



## ပုလဲတစ်လုံး... ရွှဲတစ်လုံး

■ လူတို့ တန်ဆာ...
ရတနာလေ ၊ ဘယ်မှာနေနေ
အာသာမပြေ ၊ တွယ်တာစေမြဲ
ရွှေ့ငွေ့ပုလဲ ၊ ကြောင်မျက်ရွဲနဲ့
ထူးကဲတဲ့ ပတ္တမြား
ရှားပါးတဲ့ ပွင့်သန္တာဟာ
လူသားတို့ရဲ့ သံသရာဝေ့ အဝန်းမှာ
ကံကြမ္မာ စေညွှန်းခဲ့ရင်တော့
တစ်ရံတစ်ခါ အဘွားခင်ပွန်းဖွဲ့ခွင်
အလှည့်သင့်လို့ ကြုံရတတ်ပါတယ်
မယုံမရှိနဲ့ ရှင်မရယ်...။

www.burmeseclassic.com

www.burmeseclassic.com



■ 'ငိုလျှင် ပုလဲ ၊ ရယ်လျှင် ရွှဲ' တဲ့
ငိုပွဲဆင်ကာ မျက်ရည်ကျပါမှ
သက်သေပြလာမယ့် ပုလဲရတနာကိုတော့
အို… မဆွဲချင်ပါနဲ့ ရှင်မရယ်…။

■ အမြဲပြုံးနေမယ့်
အသည်းနှလုံးထဲမှာ
ပုလဲတစ်လုံး… ရွှဲတစ်လုံးစီ
တည်ပါစေသား ၊ ပွားပါစေချင်
ရှင်ပါစေကွယ့် ၊ ရှင်မနဲ့ ကိုယ်
ယခင်လို… ရင်မပိုစေရအောင်
လိုအင်ဆန္ဒ အဝဝတို့
အစစအရာရာ ပြည့်စုံနိုင်ရပါစေ…။





■ ဆန္ဒခရီး ၊ အမြန်နီးလို့
ဆီးနှင်း,မြူတိမ် ၊ သူရိန် မီးဆိုး
လွှမ်းမိုးမှုဘေး ၊ ဝေးကြပါစေ
မေတ္တာပုလဲ ၊ လည်မှာဆွဲကာ
ပျော်ပွဲရွှင်ပွဲ ၊ ဆင်နွှဲနိုင်ကြပါစေ
လွဲခဲ့သမျှ ပြန်ဆုံလို့
မှန်ခဲ့သမျှ ပြန်လင်းပြီး
ဆင်းသက်ခဲ့သမျှ ပြန်တက်နိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com



■ ပုလဲရှစ်ပါး...
ခေတ်တစ်လွှားမှာ ၊ ပွားများစေချင်
ပေါ်လွင်စေကြောင်း ၊ ဆုမွန်တောင်းဗို့
အောင်ကြောင်းမင်္ဂလာ ၊ အဖြာဖြာနဲ့
ဘယာကင်းပ ရင်တွင်းအေးမြကြပါစေ
ဆင်ဦးကင်းမှာ ဖြစ်သောပုလဲ
ဝက်စွယ်မှာ ဖြစ်သောပုလဲ
တိမ်တိုက်မှာ ဖြစ်သောပုလဲ
ဝါးထဲမှာ ဖြစ်သောပုလဲ
ငါးဦးခေါင်းမှာ ဖြစ်သောပုလဲ
မြွေဦးခေါင်းမှာ ဖြစ်သောပုလဲ
ခရုသင်းထဲမှာ ဖြစ်သောပုလဲ
ယောက်သွားထဲမှာ ဖြစ်သောပုလဲ
ပုလဲရှစ်ပါး ၊ ခေတ်တစ်လျှားမှာ
အသစ်,အသစ် ပွားများနိုင်ကြပါစေ... ။



■ ပုလဲတစ်လုံး ၊ ရွဲတစ်လုံးနှယ်
အပြုံးသစ်များ ၊ ခေတ်တံခါးကို
အချစ်တရားနဲ့ ဖွင့်သွားနိုင်ကြပါစေ... ။

■ ပုလဲကဗျာ ၊ ပုလဲစာတို့
ဝဲယာမတိမ်း လေစိမ်းမတိုက်
အမှိုက်မပါ ၊ ရတနာအစစ်
ပုလဲ အနှစ်သဖွယ်
ခေတ်ဂုဏ်ကို သယ်ဆောင်ဖော်ကျူးနိုင်ပါစေ... ။

■ မေတ္တာရေစင် ၊ ပင်လယ်ပြင်မှာ
မိခင် မုတ်ကောင် ၊ သန္ဓေအောင်တဲ့
ငွေရောင်ပွင့်ပြုံး ၊ ပုလဲလုံးကား
အမှန်ပဲ့ ရွှဲ မဆုံး...
အနန္တ ပွဲတန္တန်း...
မြန်မာ့ အသည်းနှလုံး ဖြစ်စေသတည်း... ။

ဇွန်၊ ၂၀၀၁

www.burmeseclassic.com

www.burmeseclassic.com



## ရှင်မအမည်... ရှဘီ

■ လူတစ်ယောက်ရဲ့ တန်ဖိုးဟာ
အမျိုးအနွယ် အဆင့်တစ်ရပ်မှာ
မြင့်မြတ်စွာ နေထိုင်နိုင်မှုလား
ကိုင်လိုက်ရင် ရွှေစင်
ခြွေလိုက်ရင် ငွေစက္ကူများ
အဲသလို တစ်နိုးရှင် လူသားလား
'ပညာရှင်တို့...
မိန့်ကျင်စကား ၊ တစ်ခွန်းကြားက
ပတ္တမြားဆန် ကျိုး ၊ အဖိုးပြည့်တန်
ကေန်မုချ တစ်လုံးရသို့...' တဲ့
မဃဒေဝ လင်္ကာသစ်ဟာ
၂၀၀၁ ခုနှစ်အထိ ခေတ်မီနေဆဲပါပဲ။



■ 'ပတ္တမြားအဝစ်...
နှုတ်တွင်းမှာ နှစ်ပေမယ့်
မညစ်တဲ့အရောင်
တိုးလို့သာ ပြောင်မည်' ဆိုတဲ့
အဲသလို စကားထူးကိုလည်း
ရင်မ... ကြားဖူးနားဝ ရှိပါလိမ့်မယ်။

■ 'ပတ္တမြားတော်ဝင် – ဂေါ်မစင်'... တဲ့
'ပတ္တမြားကောင်းလျက် အမျက်မလွတ်'... တဲ့
ကိုယ်ဝတ်နေကျ လက်စွပ်လေးကတော့
ဘယ်သူမှ အထင်မကြီးတဲ့
ဆင်မြီးလက်စွပ်လေးပါတကား
ရှင်မ... အထင်ကြီးနိုင်ပါစေသား...။

www.burmeseclassic.com

www.burmeseclassic.com



■ ဆင်မြီးလက်စွပ်ဆိုလို့
လက်တို့ပြီးတော့ ပြောရဦးမယ်
ဟိုတစ်လောက ကိုယ်ဖတ်ခဲ့ရတဲ့
လက်ဝတ်ရတနာ သတင်းထဲမှာ
ဖရဲအူလက်စွပ်လေး တစ်ကွင်းဟာ
မြန်မာငွေ
ကျပ်လေးသိန်း,ငါးသောင်းပါတဲ့
အိမ်း – တအား တအားကို ရောင်းကောင်းမှာပဲနော်။



■ ၂၁ ရာစုထဲမှာ မြူးကြွားကြွားပေါ့
ထူးခြားတဲ့ လူသားတစ်ဦး ပီသအောင်
သည်လမှာ...
ဘာကျောက်ကို ဆောင်ရပါ့မလဲတဲ့
ရှင်မ, ဝေခွဲရခက်နေပါသလား
မိုင်းရှူးသွားပြီး
သိုင်းကျူး... သိုင်းကျူး... လို့ ဆိုတဲ့
သို့ကလို နုတ်ချိုချိုစကားလေးနဲ့
ကိုယ့်ကိုယ်ကိုယ် အားပေးကာ
ပတ္တမြားလေး တစ်ပွင့်လောက်တော့
ရှင်မလက်ကို ပဖင့်မနွှောင့်စေဘဲ
အသင့်ရောက်အောင် ဆောင်ကြဉ်းပေးချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



■ အဲသလို ကိုယ်ကြဲစည်နေတုန်းမှာ
'ပတ္တမြားတစ်ခြည် ဆန်တစ်ပြည်'… တဲ့
ဉာဏ်ရည်မမီတဲ့ ကိုယ့်ရှင်မဟာ
ဆန်တစ်ပြည်နဲ့ တန်းတူတန်ဖိုးထားပြီး
ဆန်ကျိုးအရွယ် အဟန့်မကြွားသော်လည်း
အသန့်စား ပတ္တမြားလေးကို
အလကားဈေးနဲ့ ရောင်းပစ်လိုက်ရင်တော့
'ပည်းဖြင်ဖိုးများ ၊ ရောင်းလှာမှားပြီ
ပတ္တမြားတစ်ခြည် ၊ ဆန်တစ်ပြည်သို့'… တဲ့။
နေမိဘုံခန်းပျို့ထဲက စကား
ကိုယ့်နားထဲမှာ တုန်ခါသွား
အလို… ဘုရား… ဘုရား… ဘုရား… ။

■ ကိုင်း… ဗုဒ္ဓဟူးသမီး ဖြစ်သမို့
နေ့နံနဲ့လည်း ကိုက်လို့ညီအောင်
ဤခေတ်ကြီးကိုလည်း လိုက်လို့မီအောင်
ရှင်မနာမည်… မရှုဘီ…
'Ruby' ရယ်လို့ တွင်ကျယ်စေသတည်း… ။

---

ခြည် - အကွင်းအဝန်းဖြစ်သော လက်ကောက်၊ လက်စွပ်တို့ကို ရေတွက်ရာ၌သုံးသော စကားလုံး၊လုံး။

ဇူလိုင်၊ ၂၀၀၁



# ဉသျှဖရားလှူသားနဲ့
# ပြောင်ခေါင်းစိမ်းရှင်မ

■ အဟုတ် – ရောက်လွှယ်လှချည်လားကွယ့်
ကျွန်ုပ် 'ခြောက်ဆယ်' နား
နီးကပ်ချိန်မှာတောင်
အမြိုးပြုတ် အိမ်မြှောင်တစ်ကောင်ကို
ထပ်ဆင့်ပြီး မီးဟပ်သလိုပဲ့
အနီးကပ် ဒုက္ခတွေက
မပြီးပြုတ်နိုင်တော့ပါလား ရှင်မရေ… ။

www.burmeseclassic.com

www.burmeseclassic.com



*

■ ကျွန်ုပ်ဘဝမှာ ထုတ်ပြစရာဆိုလို့
ဘယ်လိုရတနာကျောက်မှ မကပ်ခဲ့ပေမယ့်
အမှတ်တမဲ့ ရောက်လာတဲ့ ရောဂါဟာ
‘ကျောက်ကပ်...’ တဲ့
နောက်ထပ် ရောက်လာတဲ့
ကြောက်စရာရောဂါကြီး တစ်ဖိုကတော့
‘ဆီးချို...’ တဲ့ဗျာ
ပြီးမလိုလိုနဲ့ ကုရင်း ကုရင်းမှာပဲ
ရှုတင်းတင်းနဲ့ ကျွန်ုပ်ကို ရှာနေသူဟာ
‘အဆုတ်နာ...’ ဆိုပဲ
ကျွန်ုပ်မှာ – မလှုပ်သာတော့ပါတကား

■ ထိုရောဂါ(သုံးမျိုး) ဝါးဘီလူးကြောင့်
ရှင်မ ပန်ဆင်ထားတဲ့
ငါးမူးသားခန့် ထိုနားကပ်လေးတောင်
ဟို တစ်ရပ်တစ်ကျေးကို
ရှောင်ပြေးသွားခဲ့ပြီ။



■ နားကပ်မရှိလို့ လူတကာကြည့်မှာကို
ပူစရာ ပင်စရာရယ်လို့
မရှုံသာ မရှင်သာ အပူမများပါနဲ့
ရတနာ လူသားဗေဒင်အလိုအရ
ကျွန်ုပ်ဟာ ‘ဥဩဖရားလူသား’ ကွယ့်
သူများနဲ့ မတူစေရပါဘူးနော်...။

*

■ ဥဩဖရား လူသားအတွက်က
ဟောဒီ ဖွန်လဗေဒင်ဟောကိန်းဟာ
တကယ့်ကို ထောက်နီးပါပဲ ရှင်မရေ့
‘ချမ်းသာသုခ ပြည့်ဝသော –
ကာလတစ်ခု ဖြစ်သည်...’ တဲ့
‘အကြံကောင်းတစ်ချက်ကြောင့် ယခုလ
ထူးခြားသော အောင်မြင်မှုရမည်...’ တဲ့
‘ရတနာ စိန်,ရွှေ,ကျောက် ကိစ္စ
လုံးဝ အဆင်ပြေရမယ်... တဲ့
ရှင်မအတွက် ရည်ရွယ်ချက်လှလှ
ကျွန်ုပ်ဘက်က
မကြာမီ လက်တွေ့ပြခွင့်ရတော့မယ်
အားတင်းစမ်းပါ ရှင်မရယ်...။

www.burmeseclassic.com

www.burmeseclassic.com



■ ဥဿဖရားလှူသား ကျွန်ုပ်ကို
နှုတ်ချိုချို ရွှင်ပျစွာနဲ့
ရှင်မဟာ…
ဟောသလို တင်ပြလာတယ်
'အခုတစ်လောမှာ…
လူတကာ အပြောများလာတဲ့
ကျောက်မျက်ရတနာ များစွာထဲက
ပြောင်ခေါင်းစိမ်း ကျောက်မျက်လေးဟာ
တကယ် ဈေးမများပါဘူး
ဝယ်ပေးမလား ဒါလင်ရယ်
မင်းသမီးလေး 'ရတနာခင်' ဝတ်သလို
ပြောင်ခေါင်းစိမ်း တစ်ဆင်စာလောက်ဆိုရင်
လင်အရာ မြောက်ပါတယ် ဒါလင်နော်…' တဲ့။



■ သြော် – ခုမှ ခက်ပါဘိ
ယခု လက်ရှိကျွန်ုပ်ဘဝမှာ
လှုပ်မရ ၊ လှည့်မရတဲ့ ရောဂါမီးတွေကြောင့်
ပြောစရာကြီးတွေ ဖြစ်နေပြီပေါ့
အိမ်း – နောင်ကောင်းပြီး ငြိမ်းသွားရင်တော့
ပြောင်ခေါင်းစိမ်း ကျောက်မျက်ရတနာကို
ရှင်မလက် အရောက် ဆက်ပါမယ်ကွယ်။

■ ယခု ကျွန်ုပ် စဉ်းစားခက်နေတာက
ပြောင်ခေါင်းစိမ်း တွင်းထွက်တစ်ပွင့်ဟာ
ငါးရံ့ခေါင်း ဟင်းတစ်ခွက် အဆင့်လောက်မှ
သင့်တင့်လျောက်ပတ်စွာ အသုံးဝင်လို့
ပြုံးရွှင်စေနိုင်ပါ့မလား ဆိုတာပါပဲ
ကဲ – ထမင်းပွဲပြင်ပါ ရှင်ပရေ့… ။ ။
ဩဂုတ်၊ ၂၀၀၁

www.burmeseclassic.com

www.burmeseclassic.com



# ကြည်ပြာရေ... နီလာရေ...

■ စိန်,ကြောင်,နီလာ...
မဟူရာ ပတ္တမြား
ဥဿဖယား မျက်ရွဲ
ခရမ်းဆွဲ စလင်းပြာ
စလင်းဝါ ဂေါ်မုတ်ဖြူ
ဖရဲအူ ပြောင်ခေါင်းစိမ်း
ပယင်းစိမ်းပြာ အညှံ့ပန်း... ဆိုတဲ့
အံ့မခန်း ကျောက်မျက်လေးတွေကို
ကောက်ချက်ပေးရမယ့် အလုပ်မှာ
ကျွန်ုပ် ဘာမျှ မသိပါ... ။

■ လူကြိုက်များလို့ အဖိုးတန်တာလား
အမျိုးမှန်လို့ လှဂုဏ်ဝင့်တာလား
ကျောက်တစ်ပွင့်ရဲ့ ပုံဆောင်ခဲလေ့ကို
တွေ့အောင်ဆင်ခြင် ၊ မြင်အောင်ရှုကြည့်
သိအောင် အားထုတ်ရမယ့် စခန်းခွင်မှာ
ကျွန်ုပ် ဘာမျှ မကျွမ်းကျင်ပါ... ။



■ နေရောင်ခြည်အသွေးပမာ ဣန္ဒနီလာ
ကြာညိုပွင့် အဆင်းပမာ ဥပနီလာ
အပြာမှာ အညိုစွက်တဲ့ ကဏ္ဍိနီလာ
အောင်မဲညိုပွင့်ပမာ
ကျောက်နီလာ... တဲ့
နီလာအကြောင်း သိကောင်းစရာ
ထိုလေးဖြာကို...
ဆေးစာလို ထင်မှတ်ခဲ့တဲ့ ကျွန်ုပ်ဟာ
အခုတော့ မလှုပ်သာ
မလွန့်သာတော့ပါ... ။

■ 'ပတ္တမြားနဲ့နီလာ အလှဆိုတာက
သည်ကမ္ဘာ အစကတည်းက
အမြွှာညီအစ်မတွေပါ ဒါလင်ရယ်'... တဲ့
ဘူမိဗေဒပညာအသိမှာ
ရှင်မဟာ အစဥ်အလာမရှိခဲ့သော်ငြား
သူမရဲ့ ကျောက်ဆွယ်တရားမှာကွယ့်
ကျွန်ုပ်တောင် နောက်ဝယ်အပါးကနေ
ယောင်ခြောက်ဆယ်အလား
နားယောင်သွားခဲ့သေးတယ်... ။

www.burmeseclassic.com

www.burmeseclassic.com



■ သည်ကမ္ဘာ မြေဝသုန်မှာ
အထာကြည်စရာတွေက တစ်ပုံတစ်ပင်
အဝါ,အနီ,အပြာတွေက အစုံအလင်
ရတီရတနာတွေက ခုံမင်စရာပေမယ့်
`နီလာ`... ဆိုတဲ့ ဂုဏ်အင်သာလျှင်
ကျွန်မရင်ကို ခုန်စေပါတယ်ရှင်... တဲ့
ဘယ်ရပ်ရှင် ဘယ်ဝတ္ထုထဲက စကား
ရှင်မဟာ တစ်ဆင့်ငှားပြီး
ကျွန်ုပ်ရဲ့ ကိုယ်ကျင့်တရား အတက်,အကျကို
မျက်စပစ်ကြည့်နေတာများလားကွယ်... ။

■ ကျွန်ုပ်သိတဲ့ နီလာဆိုတာ
တီဗီကြော်ငြာ ဖန်သားပြင်မှာ
ကြည်စရာ အမြန်ရောက်လာတဲ့
နီလာ ဒံပေါက်(စုံတွဲလေး)ပေါ့ကွယ်
ကျွန်ုပ်တောင် ငယ်မူပြန်လိုက်ချင်သေးရဲ့
မဆလာနံ့လေးကို မွှေးလို့... ။



■ ရှင်ဟာလေ...
စိတ်ကသောက်ကယောက်နဲ့
ဒိတ်အောက်နေတဲ့ လူတစ်ယောက်ပါပဲ
ကျောက်အကြောင်းလည်း ဘာမှမသိ
ငါးပိနဲ့ လောက်
ရွှေနဲ့ကျောက်ဆိုတာ ဘယ်လိုဟာလဲတဲ့
'ထာပွဲ...'ဆိုတာလည်း မကြားဘူး
နီလာရဲ့ ထူးခြားတဲ့ ဂုဏ်အင်အစစ်ဟာ
အချစ်ကဗျာ အသချေ အနန္တလိုပ
ခေတ်အလွှာမှာ ဆင်လေ လှလေပေါ့
မေတ္တာ သင်္ကေတရှင့် ဒါလင်ရဲ့... တဲ့
ရှင်မရဲ့ ရတနာအမြင်သစ်ဟာ
ကျွန်ုပ်ကို အစာနင်သလို ဖြစ်စေခဲ့ပြီ။

■ မည်သို့ပင်ဖြစ်စေ...
နီလာ အဆောင်အယောင်တွေနဲ့
ကြည်ပြာရောင်ကို ဆင်သလိုပါတဲ့
ရှင်မရဲ့ လိုအင်ဆန္ဒကို
အမြန်ရအောင် အကြဲထုတ်ဖို့အရေး
ကျွန်ုပ်ရဲ့ ပါးစပ်ဆိုင်းလေးနဲ့
ကိုင်း
ဟပ်တိုင်းပေးလိုက်ဦးမယ်ဗျား... ။ ။

စက်တင်ဘာလ၊ ၂၀၀၁

www.burmeseclassic.com

www.burmeseclassic.com



## အညံ့ပန်းတစ်ပွင့်ရဲ့ မာန

■ နေကောင်းရက်သာ
တွက်ချက်ကာဖြင့် ၊ မင်္ဂလာကျောက်
သိဒ္ဓိမြောက်အောင် ၊ ဘုန်းတောက်ကြွယ်ဖြိုး
နဝရတ်ကိုးသွယ် ၊ စီရင်ခြယ်သ
မြတ်ဒေဝအား ၊ ဆက်သပူဇော်
အယူတော် မင်္ဂလာပွဲတွေမှာ
သူလည်းလေ ကျောက်မျက်တစ်ပွင့်ပေမို့
ဝင့်ဝါချင်ရှာပေလိမ့်မယ်… ။

■ ကျောက်မျက်တို့ရဲ့ ဘုရင်တစ်ပါးဟာ
ပတ္တမြားရတနာ ဆိုပါလျှင်
ရတနာလောကရဲ့ ဘုရင်မဟာ
ပုလဲသခင်မမှ တစ်ပါး
ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ
ရတနာသရဖူ တော်ကောက်ပွဲမှာ
သူလည်းလေ မှော်ကျောက်တစ်ခဲပေမို့
နွဲ့ပျော်ချင်ရှာပေလိမ့်မယ်… ။



■ 'လျှံပြောင်မျက်မြတ် ၊ ဖောတိရည်သို့
လူနတ်များဘောင် ၊ တန်ခိုးရောင်ဖြင့်…'* တဲ့
… … … … … … … … … …
'အောင်မင်္ဂလာ ၊ လိုရာရာကို
လျင်စွာလတ်လတ် ၊ ပေးပေတတ်သော
ဖောတိရည်မထီ ၊ ကျောက်ဓာတ်ကဲ့သို့….'**တဲ့
သို့ကလို နဝင်းဆက်ခေတ်တွေမှာ
သူလည်းလေ တွင်းထွက်အစစ်ပေမို့
လင်းလက်သစ်ချင်ရှာပေလိမ့်မယ်… ။

■ စိန်က ဂုဏ်ရောင် ၊ ကြောင်က သိဒ္ဓိ
ဝိသေသထူးခြား ၊ ပတ္တမြားက ဘုန်းမီး
သန္တာက အကြီးအကဲအရာ
နီလာက မေတ္တာအလှ
မြကျောက်က အေးချမ်းခြင်းတရား
ဥဿဖရားက ကျန်းမာ
ပုလဲရတနာက ကျက်သရေ
အထွေထွေ အပြားပြားသော ဂုဏ်ပုဒ်မှာ
ဂေါ်မုတ်ဟာ ခွန်အားတစ်မျိုးကွယ့်
ကျောက်မျက်ကိုးပါးရဲ့ တန်ခိုးစွမ်းအင်လို
သူလည်း တစ်မျိုးဆန်းချင်မှာပ ရှင်မရယ်… ။

www.burmeseclassic.com

www.burmeseclassic.com



■ သဘာဝမိခင်ချင်း တူသော်လည်း
ဘူမိဗေဒ ဖြစ်စဉ်ချင်း ခြားနားတဲ့
ရတနာ အစားစားတွေကြားမှာ
တစ်ခါက သူမဟာ
ပြစားခွင့် မရခဲ့ရှာပါဘူး
အခုတော့ အံ့မခန်းစရာပဲ
အညံ့ပန်းရတနာ အလှဟာ
ပသာဒအရာမှာ ထင်ပေါ်မြောက်လို့
စင်တော်ကောက် မင်းသမီးလေးဖြစ်ခဲ့ပြီ။



■ 'နီလာမှာ အလျား
မြကျောက်မှာ အပြား
ပတ္တမြားမှာ အမောက်
စိန်မှာ အစောက်... တဲ့လေ
ရတနာကျောက်တွေရဲ့ ဂုဏ်ဖဲဟာ
ကျောက်သွေးဆရာရဲ့ လက်ထဲမှာ ရှိပါတယ်
သိသာလွယ်တဲ့ အပြန့်အလွှမ်းတွေနဲ့
အညံ့ပန်းတစ်ပွင့်ကို ထင်ပေါ်လာအောင်
စင်တော်မှာ ဂုဏ်ရောင်မြဲစေဖို့
ဗိတ်နေတဲ့ ပုံဆောင်ခဲ တချို့
သို့မဟုတ်...
ပွင့်နေတဲ့ ရှစ်မျက်နှာ ရောင်စုံကို
ဦးမခံ မနှောန်မကူဘဲ
သူမတူအောင် အသွေးကောင်းပါက
ဈေးကောင်းစွာ ရနိုင်ပါတယ် ရှင်မရယ်...။

www.burmeseclassic.com

www.burmeseclassic.com



■ ပတ္တမြား အရောင်ကြောင့်
ပါးပြောင်ရမယ့် အညံ့ပန်းမဟုတ်ပါဘူး
ထူးခြားတဲ့ ပုံဆောင်ခဲတစ်ခု
ဆွဲဆောင်မှုရှိတဲ့ အရောင်မျိုးစုံ
ဂုဏ်သိက္ခာရှိတဲ့ ပွင့်အားအစွမ်းကြောင့်သာ
'အညံ့ပန်း' ဆိုတဲ့ နာမည်တစ်မျိုးဟာ
ပွဲတိုးကာ တစ်မူသစ်ပါလို့
လူချစ်လူခင်လည်း များခဲ့ရတာပေါ့
အခုတော့... အခုတော့... ရှင်မရေ... ။

အောက်တိုဘာ၊ ၂၀၀၁

---

* ကျိုးသဲမေတ္တာစာ (ကျိုးသဲလေးထပ်ဆရာတော်)

** သုဝဏ္ဏသျှံသဇ္ဇာခဏ်းပျို့ (ရှင်အဂ္ဂသမာဓိ)



## ရင်ထဲက ပုံဆောင်ခဲ

[ ၁ ]

■ တွင်းထွက်ကျောက်မျက် တစ်ပွင့်ရဲ့
အဆင့်မြင့် ပုံဆောင်ခဲဆိုတာ
ဘယ်လိုဟာလဲလို့ မေးလာခဲ့ရင်
ပေးစရာ အဖြေတစ်ခွန်း
ညွှန်းစရာ သာဓက တစ်ခု
ရှုစရာ ဥပမာတစ်မယ်ကို
လူ့ကမ္ဘာနယ်ပယ်မှာ
အလွယ်တကူ ရှာလို့ရပါ့မလား
ကျွန်ုပ်နဲ့ ရှင်မ စဉ်းစားကြမယ်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

■ သကြားတစ်ပွင့်.ဆားတစ်ပွင့်က အစ
ပတ္တမြားတစ်ပွင့်,နီလာတစ်ပွင့် အလယ်
လူတို့နေရာ ဤမြေကမ္ဘာ အဆုံး
ရုပ်ဒြပ် အရာဝတ္ထုအားလုံးမှာ
ပုန်းနေတဲ့(သဘာဝ) ပုံဆောင်ခဲတွေ
မလွဲမသွေရှိနေတယ် ဆိုရင်
အို... အသင်လောကင့်
ကျွန်ုပ်နဲ့ ရှင်မ
ကိုယ်ထင်လို့ ပြကြတော့မယ်...။



[ ၃ ]

■ ကျောက်မျက်ရတနာတွေရဲ့
အပြစ်အနာ ပုံဆောင်ခဲတွေ
သို့မဟုတ်
ချစ်စရာ ပုံဆောင်ခဲတွေကို
သဲကွဲထင်ရှားစွာ ရှုကြည့်ဖို့
အနုကြည့် မှန်ပြောင်းတစ်လက်
မရှိမဖြစ် လိုအပ်တယ်ဆိုရင်
အို... အသင်လောကင့်
လူသားရဲ့ မနောအလှ ပုံဆောင်ခဲတွေ
သို့မဟုတ်
လူသားရဲ့ ပယောဂ ပုံဆောင်ခဲတွေကို
ခွဲခြားဝေဖန် အဖြေမှန်ဖို့
အခြေခံ မှန်ပြောင်းတစ်လက်
ကျွန်ုပ်နဲ့ ရှင်မအတွက် မခက်ခဲပါ...။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

■ ယုံအောင်ချွဲနေတဲ့
ပုံဆောင်ခဲတွေကြားမှာ
ပတ္တမြားတစ်ပွင့်ရဲ့ ပေါက်ဈေးနဲ့
လူသားတစ်ယောက်ရဲ့ မြင့်မြတ်မှုတန်ဖိုး
ဘယ်သူ့ဘက်မှာ ချိန်ခွင်လျှာထွက်နေလဲ
သစ္စာဆိုပါ့ အို… လောက
ကျွန်ုပ်နဲ့ ရှင်မ ရင်မောစွ… ။

[ ၅ ]

■ တတိယ ထောင်စုနှစ်အတွက်
အထူးပြုလုပ်ချက် လက်ဆောင်တစ်ခုဟာ
သူ့သဘာဝ ပုံဆောင်ခဲအဖြစ်ကနေ
လူ့ပသာဒမှာ…
အနုဘာဝ ပုံဆောင်ခဲအဖြစ်
ပြောင်းလဲမှု အသစ်,အသစ်တွေနဲ့
အတုကို အစစ်လို့ ထင်မှတ်အောင်
လူ့စိတ်ခါတ်ကို ညှို့ယူနိုင်တဲ့ စွမ်းအားဟာ
အရမ်း,အရမ်းကို ဆန်းပြားတာပဲနော်
Crystal တွေ လမ်းသလားနေကြတယ်



ခရမ်းနုရောင်,ပန်းနုရောင်
မရမ်းနုရောင်,ကျိုးကန်းရောင်
အနုမြူစိမ်းရောင်,ပြောင်ခေါင်းစိမ်းရောင်
ဆင်စွယ်ရောင်,ဗေဒါရောင်,ရွှေဝါရောင်
မိုးပြာရောင်,မဲနယ်ရောင်,ကြက်သွေးရောင်
အရောင်နုရင့် ၊ တလွင့်လွင့်ခုန်
လူသားအာရုံတွေကို ဖမ်းစားဖို့
Crystal တွေ လမ်းသလားနေကြပေါ့။

[ ၆ ]

■ ယုံအောင် ကဲပြနေကြတဲ့
ပုံဆောင်ခဲ လှလှလေးတွေကြားမှာ
လူသားဂုဏ်ရောင်ကို မြဲစေတာဟာ
ခြောက်မျက်နှာ ပုံဆောင်ခဲ မဟုတ်
ဆယ့်နှစ်မျက်နှာ ပုံဆောင်ခဲ မဟုတ်
ဘဲဥပုံ မဟုတ်, ပိရမစ်ပုံ မဟုတ်
ဥက္ကာပျံ မဟုတ်, နဂါးငွေ့တန်း မဟုတ်
အပိုင်း မဟုတ် ၊ လေးထောင့် မဟုတ်
ကျွန်ုပ်နဲ့ သင် ပုထုဇဉ်ရဲ့
ရှောင်တခင် ဖြစ်တည်မှုလေးထဲမှာ

www.burmeseclassic.com



စင်ကြယ်မှု ဂုဏ်၊ သန့်စင်မှု ဂုဏ်
အပြစ်အနာ ကင်းမှု ဂုဏ်
မေတ္တာအလင်းနှ ဂုဏ်သာလျှင်
လူသားရဲ့ ဂုဏ်ရောင်ကို မြဲစေတဲ့
ပုံဆောင်ခဲအစစ် ဖြစ်စေသတည်း။

[ ၇ ]

■ အတင်းအဖျင်း ပုံဆောင်ခဲတွေ
သတင်း,ပုလင်း ပုံဆောင်ခဲတွေ
မရှင်းမလင်း ပုံဆောင်ခဲတွေကြားမှာ
အလင်းပုံဆောင်ခဲ အစစ်သာလျှင်
ကျွန်ုပ်နဲ့ ရှင်မရဲ့ အချစ်ကွယ့်
တတိယ ထောင်စုနှစ်ရဲ့ အသက်
မေတ္တာကွန်ရက် ဖြန့်ကြက်စေသတည်း။

နိုဝင်ဘာ၊ ၂၀၀၁



# ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ

[ ၁ ]

■ ‘နိုဝင်ဘာလဖွားတွေ
ဥဿဖရားဆောင်ရမယ် ဒါလင်ရေ...’ တဲ့
မနက်စာ ကသီလင်တ မဖြစ်ရအောင်
မီးဖိုချောင်ထဲမှာ ချဉ်ပေါင်ရွက်သင်ရင်း လက်စနဲ့
အဆက်အစပ်မရှိဘဲ လှမ်းပြောလိုက်တဲ့
ရှင်မရဲ့ တိုးတိတ် စကားတစ်ခွန်း
ဘယ်သူကများ ချွန်တွန်းလုပ်လိုက်ပါလိမ့်နော်...။

[ ၂ ]

■ အိမ်ရှေ့ကြိုးတန်းမှာ လှန်းထားတဲ့
ပုဆိုးစုတ် အဖာဗရပွကို
သူခိုးမသုတ်အောင် အသာစွေကြည့်နေတဲ့ ကျုပ်ကို
မိုးကုတ်ရတနာမြေက ပြန်လာတဲ့
လောပန်လို့များ အထင်မှားလိုက်တာလား
ခြင်ကျားကိုက်သလို ယားလိုက်တာကွယ်။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

■ ကျုပ် နားလည်ထားသလောက်တော့
ဥသျှဖရားကျောက်ဆိုတာ ပေါ်ပင်မဟုတ်ခဲ့
တော်ဝင်တဲ့ အမျိုးအစား တစ်ရပ်ပေမို့
နဝတ်ရတ် ကိုးပါးအစုထဲမှာ
သူနေရာဟာ အထွာမသေးခဲ့ပါဘူး
ကြာသပတေးဂြိုဟ်ထဲမှာ သက်ရောက်နေတယ်
သူ့ရဲ့ အနက်အဓောက်ထဲမှာ
အကွက်,အကောက် ၊ အဝှက်,အထောက်နဲ့
အစက်,အပြောက်တွေ ပါတတ်သလား...
အမာကျောက်လား ၊ အပျော့ကျောက်လား...
ပေမီ,ဒေါက်မီ ၊ ကျောက်ရည်မီရဲ့လား...
စိန်နဲ့ယှိုးမှား ဝိုးတဝါးလား...
ဘာလား,ညာလားဆိုတာတော့ ကျုပ်မသိ
ကျုပ် မသိတာကို အမိပါးစပ်က
ပစိပစပ်တော့ မလုပ်ပါနဲ့ ရှင်မရယ်...။



[ ၄ ]

■ ဥသျှဖရားကျောက်ဆိုတာ
အုတ်ကြားမြက်ပေါက်မှ မဟုတ်တာဘဲ
ကျုပ်လည်း သည်လောက်တော့ သိတာပေါ့လေ
အဲ... ဒါပေမဲ့
မြေသယံဇာတတွေနဲ့
အလျှံပယ်ကြွယ်ဝနေတဲ့
ကျုပ်တို့ရဲ့ ရတနာမြေအလှမှာ
တစ်ခါတလေမှသာ သူနာမည်ကြားခဲ့ရ
စိန်,မြ,ပတ္တမြား,နီလာတို့ရဲ့ ဆွေမျိုး
'Big Four'... ဆိုတဲ့ စတုရတနာအုပ်စုမှာ
သူ့ခမျာ တစ်မျိုးအသွင်ဆန်းပါလို့
'Four in One' ဖြစ်ချင်ရှာမှာပေါ့
အခုတော့ကာ...
အနာဂတ်စတိုင်ကို ငေးမောရင်း
ကမ္ဘာ့ပတ်နိုင်ဖို့ တွေးတောနေလေရဲ့...။

www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

■ လှပမှု၊ တည်ငြိမ်မှု၊ ရှားပါးမှု စတဲ့
အဓိက စံချိန်စံညွှန်း သုံးရပ်နဲ့
အလုံး,အရပ်,အနေ. ပေမမီလို့
ဥဿဖရား ခရေဇီ မဖြစ်ကြတာလား
စဉ်းစားစရာပဲ ရှင်မရယ်
ရှင်မနဲ့တော့ ကွာပါ့ကွယ်...။



[ ၆ ]

■ ဥဿဖရားဆိုတဲ့ အမည်သညာ အယူကို
နီလာဖြူလို့လည်း မမှတ်ရာ
ထပ်တစ်ရာ အမျိုးလို့လည်း မယိုးသင့်
ကိုးပွင့်မျက်ခြယ် အသွယ်သွယ်မှာ
မျက်နှာမငယ်ခဲ့ရသော်လည်း
ကမ္ဘာပေါ်မှာ အကြီးမားဆုံး
မြန်မာ့ ပတ္တမြားတုံးကြီးလို...
ကမ္ဘာပေါ်မှာ အကြီးမားဆုံး
မြန်မာ့နီလာ ဂေါ်ကြိုးတုံးကြီးလို...
ကမ္ဘာပေါ်မှာ အကြီးမားဆုံး
မြန်မာ့ ကျောက်စိမ်းတုံးကြီးလို...
ကမ္ဘာပေါ်မှာ အကြီးမားဆုံး
မြန်မာ့ ပုလဲလုံးကြီး ဟစ်ပွင့်လို...
ကမ္ဘာကြီးတစ်ခုလုံး
အံ့အံ့ချီချီ လှုပ်ရှားသွားစေမယ့်
မြန်မာ့ ဥဿဖယားကြီးတစ်ခုဟာ
ဟော့ဒီ ရာစုနှစ်သစ်မှာ ပေါ်ထွက်လာရင်တော့
အားလုံးကို ကျော်တက်သွားမှာပဲ ရှင်မရယ်...။

www.burmeseclassic.com

www.burmeseclassic.com



[ ၇ ]

■ ဥဿဖရားကျောက်ရဲ့
နောက်ကြောင်းရာဇဝင်ကို ပြန်ကြည့်ရင်
ပုံပြင် ဒဏ္ဍာရီဆန်တာတွေ ရှိခဲ့တယ်
လျှို့ဝှက်ဆန်းကြယ်မှုတွေလည်း ရှိခဲ့တယ်
ရှိခဲ့သမျှ အတိတ်ဇာတ်မှာ
အဆိပ်ခတ်ထားတဲ့ အစားအသောက်နဲ့ ထိရင်
သိသိသာသာကြီးကို
အရောင်ပြောင်းပြီး သွားတတ်တယ်ဆိုတဲ့
ဂမ္ဘီရ ဥဿဖယားတစ်မျိုးရယ်
ရှေးဟောင်းဂရိလူမျိုးတွေ အဆိုအရ
ခွန်အားကို တိုးပွားစေတယ်ဆိုတဲ့
စွမ်းအားရှင် ဥဿဖယား တစ်မျိုးရယ်
တိုးတိုးတိတ်တိတ် ရနိုင်မယ့်နေရာရှိရင်
ကျုပ်.... သိချင်စမ်းပါဘိ ရှင်မရယ်...။



[ ၈ ]

■ ဩော်... ရှင်မအတွက်
လက်ဆောင်တော်ဆက်ဖို့လား
မပျက်မကွက်စေရပါဘူးကွယ်
အလှပဲ ဆင်ချင်ဆင်
အယဉ်ပဲ ဝတ်ချင်ဝတ်
အဆောင်ကျောက်အသွင်ပဲ ထားချင်ထား
ကျုပ်မယား(ရှင်မ) အဟုတ်ကြွားနိုင်ဖို့
ဥဿဖရား အကောင်းစားနဲ့ လုပ်ထားတဲ့
နားတောင်းလှလှလေး တစ်ရံကို
မှန်မှန်ကန်ကန် အမြန်ဝယ်ပေးဖို့အရေး
ရွှေနန်းတော်ကိုပဲ ပြေးရမလား
ရွှေစင်ရတနာကိုပဲ မေးရမလား
ပါဝါရတနာရွှေဆိုင်မှာ ရွေးရမလား
ကျုံဟွာရတနာဆိုင်မှာ ဆွေးနွေးရမလား
ဦးထုံကိုပဲ အထူးယုံလိုက်ရမလား
စိတ်အိုက်ကာ အနေကျပ်ပါဘိ
ရေငတ်လိုက်တာ ရှင်မရယ်...။ ။

ဒီဇင်ဘာ၊ ၂၀၀၁

www.burmeseclassic.com

www.burmeseclassic.com



## ရွှေဘုံသာလမ်း… လိပ်ပြာဖမ်းပွဲ

[ ၁ ]

■ ရမ္ဘက်အပြုံး ရွှရွှလေးတွေ
တစ်ဝက်အပြုံး ဖွဖွလေးတွေ
မျက်နှာပုံး လှလှလေးတွေဟာ
ဆေးရောင်စုံ ကမ္ဘာကြီးထဲမှာ
ခဏပြီး ခဏ…
အလှပြီး အလှ…
ဘဝပြီး ဘဝတွေကို…
ရပြီးသမျှနဲ့ မတင်းတိမ်
မြိန်ပြီးသမျှနဲ့ မရောင့်ရဲ
နွဲပြီးသမျှနဲ့ အာသာမပြေတော့
ရှာရှာဖွေဖွေ ဒီဇိုင်းသစ်တွေနဲ့
ရတနာအထွေထွေ လှိုင်းသစ်တစ်ခုကို
ဒိုင်းနမစ်ဖြစ်အောင် ဖန်တီးနေကြတယ်။



[ ၂ ]

■ ဟောဒီ့ရာစုသစ် လမ်းမကြီးပေါ်မှာ
ဆန်းသစ်မှုတွေ အဖုံဖုံ
ရင်ခုန်စရာတွေ အစားစား
ခံစားချင်စရာတွေ အသွယ်သွယ်
တွယ်တာချင်စရာတွေ အမျိုးမျိုး
မြတ်နိုးစရာတွေကလည်း အဖြာဖြာပ
ပွဲတစ်ခါ တိုးပြီးတိုင်း
မဲပြာပုဆိုး မဖြစ်စေရအောင်
ဒီဇိုင်းအသစ် အသစ်တွေနဲ့
နဒီလှိုင်းသစ် တစ်ခုဆီကို
ရှေးရှုလှုပ်ရှားနေကြတယ်
အလုပ်များနေသလား ရှင်မရယ်…။

www.burmeseclassic.com



[ ၃ ]

■ ကျုပ်ကို မျက်စောင်းမထိုးပါနဲ့
ရွှေဘုံသာ ပလက်ဖောင်းမှာ
အကွက်ချောင်းကာ အခါခါဝဲနေတော့
ညည်း ဘာလဲ... ဘယ်လဲဆိုတာကို
အလိုလို ကျုပ်သိနေတာပေါ့
ဖြူတ်စဗျင်းတောင်း စုံစီနဖာ လွှမ်းပါတဲ့
ရွှေဘုံသာလမ်း 'ထာပွဲ' မှာ
ညည်းရှာနေတာ ဘာလဲဆိုတာလောက်တော့
ဟဲဟဲ... ပေါင်းလာခဲ့တာ ကြာပြီပဲကွယ်... ။



[ ၄ ]

■ ရွှေဘုံသာလမ်း အောက်ဘက်တန်းမှသည်
ကျောက်မျက်ဗန်းလေးတွေဆီကို
ယောက်ယက်လှမ်းကာ အချောင်မှန်းပြီး
ထောင်ဂဏန်းမဲ့မဲ့ နဝလီအဆင့်ကနေ
'အောင်စမ်းဟဲ့ အနီတစ်ပွင့်... ရယ်လို့
ကယောင်ကတမ်းနဲ့ တစ်ချီတစ်နင့် ကြံရင်တော့
အနီတစ်ပွင့်ပန်ဖို့ နေနေသာသာ
ဝေဝေဖြာဖြာ ချင်းချင်းရဲနေတဲ့
ပုလင်းကွဲတစ်စ ရလိမ့်မယ်
လောဘမတက်ချင်နဲ့ ရှင်မရယ်... ။

www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

■ ဘူမိဗေဒ ဖြစ်စဉ်တစ်လျှောက်မှာ
မီခင်မြေကြီးရဲ့ ဝမ်းကြာတိုက်ကို ဖောက်ခွဲပြီး
ကျောက်ခဲဘဝ ရခဲ့ကြတာချင်း အတူတူ
လင်းလက်တဲ့ တွင်းထွက်ချင်း အတူတူ
ဖြူ၊နီ၊ညို၊ပြာ၊မှောင်…
ပုံဆောင်နေတာချင်းလည်း အတူတူမှာ
ဒါပေမဲ့…
သရဖူခေါင်ကျောက် ၊ ရောက်သူရောက်ကြ
သိန်းကျောက်၊သန်းကျောက် ၊ လျှမ်းလျှမ်းတောက်ကြ
လောကထိပ်ခေါင် ၊ ဘိသိက်အောင်ကြ
အဆောင်ကျောက်မျက် ၊ တန်ဖိုးတက်ကြ
ပလက်ဖောင်းဘေး ၊ ဈေးသူ ဈေးကြ
အေး… လူသားဘဝနဲ့ ကျောက်မျက်ဘဝဟာ
ကောက်ချက်ချကြည့်ရင် တူသလိုလိုပ
ကျောက်နှယ် လူလိုပါတကား
လူနှယ် ကျောက်လိုပါတကား
ဗျာများနေသလား ရှင်မရေ…။



[ ၆ ]

■ 'ဂါးနက်'… အမည်နဲ့
အနီရဲရဲ စိတ်ကိုဆွဲဆောင်
'ပဒဲ'… အမည်နဲ့
မြရည်စိုရွှဲ စိတ်ကိုဆွဲဆောင်
'ဥဒေါင်'… အမည်နဲ့
ဂုဏ်ရည်တည်မြဲ စိတ်ကိုဆွဲဆောင်
စိမ်းယောင်၊နီယောင် ၊ ဤလူ့ဘောင်မှာ
အတုအယောင်တွေ ပေါ်ပေါက်လာသလို
ဥဒေါင်ဆိုတာ ကျောက်မျက်ဒြပ်ပေမို့
သူလည်းလေ ယောက်ယက်ခတ်ချင်ရှာလိမ့်မယ်
လောဘသတ်ပါ ရှင်မရယ်…။

www.burmeseclassic.com

www.burmeseclassic.com



[ ၇ ]

■ အစိမ်းပွင့်လေးတွေနား ရစ်သီ ရစ်သီ
အနီပွင့်လေးတွေနား ရစ်ဝဲ ရစ်ဝဲ နဲ့
လှစ်ခနဲ့ လှစ်ခနဲ စိတ်အစာမှန်းပါလို့
လိပ်ပြာဖမ်းဖို့ ထွက်လာကြသူတွေဟာ
နေကုန် နေခန်း ၊ ရေကုန် ရေခန်းကွယ့်
ရွှေဘုံသာလမ်းရဲ့ ဈေးပေါင်ကျိုးချိန်ကို
သွေးပေါင်တိုးရင်းနဲ့ပဲ မျှော်ကိုးနေကြတယ်
ဩော်... ယုန်နဲ့ မတိုးဘဲ
ချုံနဲ့သာ တိုးခဲ့ရင်ပေါ့လေ
ကိုယ်ကျိုးတွေ နည်းကုန်တော့မှာပါ့
လောဘ မသတ်နိုင်ရင်
ပယောဂ ကပ်လိမ့်မယ် ရှင်မရယ်...။

BURMESE CLASSIC .com



[ ၈ ]

■ နာမည်သုံးမျိုးနဲ့ တအားမက်လောက်ပါဘိ
ဂါးနက်ကျောက်ကိုပဲ စွဲချင်စွဲ
ပဒဲကျောက်ကိုပဲ ဆောင်ချင်ဆောင်
ဥဒေါင်ကျောက်ကိုပဲ သုံးချင်သုံး
နောက်ဆုံးတော့...
ကျောက်တုံးလေးတစ်လုံးရဲ့ တန်ဖိုးဟာ
ကံဆိုးမ သွားလေရာမှာ...
မိုးလိုက်လို့ရွာ ဆိုသလို မဖြစ်စေချင်ခဲ့
ညစ်နေတဲ့ စိတ်ကလေးကို သန့်စင်
နင်နေတဲ့ စိတ်ကလေးကို မျှချပါလို့
ကိုယ်က ပေးနိုင်သမျှသာ...
သူ့ဆီက တ်ရားသဖြင့် ပြန်ယူရင်
သူရဖူး ခေါင်ကျောက်ကို မရနိုင်တောင်မှ
'ဥဒေါင်' လို အလှရတနာ တစ်ပွင့်ဟာ
ဘဝမှာ တင့်တယ်ပါတယ် ရှင်မရယ် ...။

www.burmeseclassic.com

www.burmeseclassic.com



[ ၉ ]

■ ဥဒေါင်ကို အတုအယောင်လို သဘောထားပြီး
ပတ္တမြား ခရေဇီတွေကြားမှာ
ပတ္တမြားဒေဝီ တစ်ပါးသဖွယ်
ခပ်ကြွားကြွားလေး နေပြလိုက်ချင်လို့
မြို့လယ်ခေါင် ကျောက်မျက်တန်းမှာ
ယောက်ယက်လှမ်းကာ လိပ်ပြာဖမ်းရင်ဖြင့်
ထိတ်ပျာနွမ်းပြီး သိက္ခာခန်းရုံမှတစ်ပါး
ဘာများကော ဖြစ်လာနိုင်ဦးမှာလဲ
ဟောဒီ ရာစုသစ်လမ်းမကြီးပေါ်မှာ
ညည်းရှာနေတဲ့ အဆင်ရတနာ တစ်ပါးဟာ
မင်္ဂလာတရား ဖြစ်ပါစေသတည်း... ။

နိန်နဝါရီ၊ ၂၀၀၂



## ခရမ်းစွဲ မေတ္တာ

[ ၁ ]

■ အသွေးစုံ အဆင်စုံစွာပ
ရင်ခုန်စရာ ကျောက်မျက်ရတနာဆိုတာ
ရောင်စုံ ပန်းကမ္ဘာလေး တစ်ခုပါပဲ
သူ့ အခါမီ
သူ့ ရာသီနဲ့သူ ပွင့်တဲ့ပန်းရှိသလို
မပွင့်သလို ပွင့်သလိုနဲ့
သခင့်ကို မြှူနေတာလား
အမြင့်ကို ကလူနေတာလား
သူများလက်ထဲ မဆက်ဘဲလေ
မက်စွဲကာသာ မခွဲခွာတော့
ကာလတန်ဖိုး ဈေးပေါင်ကျိုးခဲ့
ညိုးပန်းလေးတစ်ပွင့်ရဲ့ ပိုင်ရှင်
ဥယျာဉ်မှူးတစ်ယောက်ရဲ့ နှလုံးသားဗေဒနဲ့
ကျောက်တူးသမားတစ်ယောက်ရဲ့
အရှုံးဇယား အခြေပြဟာ
ညီမျှခြင်း သင်္ချာ ရင်နာဖွယ်... ။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

■ မပွင့်သေးလို့ ၊ ပွင့်ရေးမမျှော်
စျေးမခေါ်ဘဲ ၊ သင့်တော်ရုံမျှ
ကမ္ဘာသကာ ၊ အာလယဓာဖြတ်
သူ့လက်အပ်တော့ ၊ မြင့်မြတ်ကြန်အင်
ဂန္ထဝင် အလံလွှင့်၊ တန်ဖိုးမြင့်သတဲ့
သခင့်ဒဏ်ရာ ၊ ကံကြမ္မာလား
စာနာမှုထား ၊ သူ့ကံတရားကို
ခံစားကြည့်ပါ ရှင်မရယ်... ။

BURMESE CLASSIC .com



[ ၃ ]

■ အကြံကြီးတိုင်းလည်း မရ
ဉာဏ်ကြီးတိုင်းလည်း မဝ
ဖန်တီးတိုင်းလည်း မလှနဲ့
ဘဝရဲ့ ကပြောင်းကပြန် လွဲမှားချက်တွေကို
လောပန်တွေ ဖဲကစားမပျက်ကြသလို
ကျောက်ပွဲစားတွေ အတွက်လည်း
အမဲဖျက်ရင်း ပျော်နေဆဲပဲ့
မှော်ထဲက ကျောက်တူးသမားတစ်ယောက်ရဲ့
တောက်ခေါက်သံ ပြင်းပြင်းတစ်ချက်ကတော့
ကျောက်သားနံ့ရုံကြီးတောင် အက်ကွဲသွားနိုင်တယ်
တစ်ရက်တည်း တစ်ချိန်တည်းမှာပဲ
ငရဲနဲ့ တာဝတိံ...
ရေအိမ်နဲ့ ညှော်ခန်းသာလို
မမှန်းသာ မလှမ်းသာလောက်အောင်
ပရမ်းပတာ ကွာဟသွားတဲ့ဘဝ
ကျောက်လောကမှာ မြင်ရမယ်
ရင်မောစရာပေါ့ ရှင်မရယ်... ။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

■ ကျောက်မျက်တွေရဲ့ ထောက်ကွက်နဲ့ ဝက်ဖဲဟာ
ခက်ခဲစွာ ကြိုဆတာတောင်မှ
အမှန်မရအောင် စာရင်းရှုပ်ပါရဲ့
အင်း. . ဒါပေမဲ့လေ...
ထမင်းတစ်လုတ်စာ ခက်ချင်ခက်ပေရော့
နဝင်းအုပ်စုမှာ အရာမဝင်ပေမယ့်
သလင်းအုပ်စုမှာ ရတနာအယဉ်ကွယ့်
တစ်ခါမြင်ရုံနဲ့ မနေသာအောင်ပဲ
ပေဒါရောင် ခရမ်းစွဲ ကျောက်လေးတစ်ပွင့်ကို
အခါသင့် အခွင့်သာတဲ့ တစ်နေ့
ကျုပ်အသက် 'ခြောက်ဆယ်ပြည့် မွေးနေ့' အမီ
လက်စွပ်လေးတစ်ကွင်း အမြန်စီစဉ်ပြီး
'ခြောက်ဆယ်ခရီး'... အတွက် ချစ်သက်လက်ဆောင်
(ကျုပ်နဲ့ ရှင်မ...)
ဝေရက်တောင်ကို တက်ကြရအောင်...။



[ ၅ ]

■ ကျောက်မျက်တွေရဲ့
ဗယောက်ဗယက်ဖြစ်စဉ် (တချို့)ကြောင့်
မှိုတဲ့ အလှာမှာ မှို
ချို့တဲ့နေရာမှာ ချို့ကာ
ဖိုင့်တဲ့ အလှာမှာ ဖိုင့်
ချိုင့်တဲ့နေရာမှာ ချိုင့်သွားကြရှာတဲ့
ဘဝနဲ့ ခနရဲ့
မမျှတဲ့ အဖြစ်အပျက် အဖြာဖြာမှာ
ခရမ်းစွဲကျောက်ရဲ့ ပြစ်ချက်မပါ ပါဘူး
တစ်ခါတုန်းကတော့
ဥရောပမှာ ပေါ်ထင်စွာပဲ
တော်ဝင် ရတနာတစ်ပါး ဖြစ်ခဲ့သော်လည်း
ချစ်တဲ့သူ ရှားပါးလို့ပဲလား
ခံစားတတ်သူ နည်းပါးလို့ပဲလား
ပွဲမဝင်လောက် စင်တော်  မကောက်ကြလို့ပဲလား
ခရမ်းစွဲ ကျောက်မျက်လေးတွေရဲ့ အလှကို
ဘယ်သူမှ ရစ်ဝဲ ရစ်ဝဲ မလုပ်ကြဘူး
ဘယ်သူမှ သဲသဲလှုပ်လှုပ် မဖြစ်ကြဘူးနော်...။

www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

■ ပတ္တမြား ဖြစ်စဉ်နဲ့လည်း ဖီလာ
နီလာ ဖြစ်စဉ်နဲ့လည်း လမ်းခွဲပါတဲ့
ခရမ်းစွဲ ကျောက်မျက်အသီးသီးဟာ
ဘရာဇီးကပဲ လာချင် လာ
သီရိလင်္ကာမှာပဲ မွေးချင် မွေး
ဩစတြေးလျမှာပဲ နေချင် နေ
အမေရိကန်မှာပဲ ရှိချင် ရှိ
အာဖရိကမှာပဲ ထွက်ချင် ထွက်
ဆိုဗီယက်ကပဲ ဝင်ချင် ဝင်
အင်္ဂလန်ကပဲ ရချင် ရ
အိန္ဒိယ ခရမ်းစွဲမှပဲ အရည်မီလို့
ဂျာမဏီ ခရမ်းစွဲ မှပဲ
ရတနာတန်းဝင်ရတော့ မှာလား
မိုးကုပ် ကျပ်ပြင်ဒေသမှာ မွေးဖွားတဲ့
ခရမ်းစွဲ ရတနာလေးများဟာလည်း
လေးစားစရာပါပဲ ရှင်မရယ်…။



[ ၇ ]

■ သက်ခြောက်ဆယ်ပြည့် ကျုပ်မွေးနေ့အမီ
ကြည်လင်ရှင်ပျ ဘဝင်ကျစေမယ့်
ရှင်မအတွက် ကျုပ်ရဲ့ လက်ဆောင်
ဗေဒါရောင်ကဲ ခရမ်းစွဲကျောက်
လက်ရာမြောက်စွာ တောက်ပပြိုးပြက်
လက်စွပ်တစ်ကွင်း ရင်းနှီးမြှုပ်နှံ
အဟုတ်ကြံဆ ၊ ကျုပ်ဆန္ဒကို
သံသယ မဖြစ်ပါနဲ့ ရှင်မရယ်…။

www.burmeseclassic.com

www.burmeseclassic.com



[ ၈ ]

■ ကြံသမျှ မဖြစ်ပေါ်ဘဲ
ဆန္ဒအရစ် ချော်သွားခဲ့ရင်တော့
အပြစ်တော်တင် အထင်တော်လွဲမှာလား
'လင်မွဲ လင်နှာ ၊ လင် သူရာကြိုက်
လင်မိုက် လင်ဖျင်း ၊ လင်ပျင်း လင်အို'*... ရယ်လို့
ငြင်ငြင်ငြိုငြို၊ ငြူငြူထန်ထန်နဲ့
ပူညံ ပူညံ ရန်လုပ်မှာ တဲ့လား
နာမ်ရုပ် နှစ်ဖြာ မကွာမကောင်းမဲ့လေသမျှ
ဟန်လုပ်ကာ မာယာ မခင်းခဲ့ပါဘူး
ရတနာတစ်တင်းနဲ့ အဟုတ်မလဲနိုင်စွ
ကျုပ် အသည်းစိုင်က မေတ္တာဓာတ်ဟာ
တဖျတ်ဖျတ်နဲ့ အရမ်းပဲ စွဲလောက်ပါရဲ့
ခရမ်းစွဲ ကျောက်တစ်ပွင့်လိုပဲ့ ရှင်မရယ်...။

ဖေဖော်ဝါရီ၊ ၂၀၀၂

* ဦးသုခ၊ လောကနီတိ၊ ၁၉၈၄ ဇန်နဝါရီမှ...



## နေနဲ့လ ရွှေနဲ့မြ

■ ဝါဝါမြင်ရင် ရွှေစင်ပ
စိမ်းစိမ်းမြင်တိုင်းသာ မြဆိုရင်
ပင်ခြေအောက်က ရွက်ဝါကြွေတွေက ရွှေစင်
လေငင်ရာတိမ်းနေတဲ့ ရွက်နုလေးတွေက မြစိမ်း
အိမ်း... နေကိန်းဂဏန်းတွေနဲ့
ဘဝငြိမ်းချမ်းစေမယ့် အဖြစ်ကွယ့်
စိတ်ကူးထဲကအတိုင်း ဖြစ်လိုက်ပါတော့လား
အခုတော့လေ
ပင်ခြေအောက်က ရွှေစင်တွေကလည်း သုံးမရ
ပင်ယံထက်က မြစိမ်းရွက်တွေကလည်း စားမရနဲ့
ရှင်ဥတ္တမကျော် စာဆိုတော်ရဲ့
တောလားကဗျာတစ်ပုဒ်လိုပဲ့

www.burmeseclassic.com



'လေခ မြေသက် ၊ ဈာန်ဝိတက်သို့
သစ်ရွက်ယော်ရိ ၊ ဣန္ဒြိဝယ်
သိင်္ဂီတစ်ဝက် ၊ ဖက်၍ဆေးစုံ
ချယ်သောပုံသို့ ၊ ရဂုံမြိုင်တွင်း
တောလုံးလင်းသား...' လို့ ဆိုခဲ့တဲ့
သို့ကလို ကဗျာတစ်စနဲ့ပဲ
ကိုယ့်ကိုယ်ကိုယ် ရောင့်ရဲကြတာပေါ့
ရွှေနဲ့မြ မရှိသော်လည်း
နေနဲ့လရှိရင် တော်ပါပြီကွယ်...။



■ 'စိမ်းမြမြ စိမ်းရက်သူကြီးရေ....' လို့
အပူမီးတွေနဲ့ အထင်မလွဲစေရအောင်
ရင်ထဲမှာ အမြဲစိမ်းလန်းနေမယ့်
ငြိမ်းချမ်းရေး ရတနာလေးတစ်ပွင့်ဟာ
မလှင့်မကွာ ရှိသင့်တာပေါ့
မြပြာအဆင်း... 'အကွာမရင်း[1]' လား
တွင်းထွက်ဂုဏ်မြောက်... 'ဘီရီလ်ကျောက်[2]' လား
ခြောက်မြှောင့်သဖွယ်... 'အီမာရယ်လ်[3]' လား
ဘယ်သူတွေ ဘယ်လိုပြောကြစေတော့
အဟောဝတ မနှောလှတဲ့
သောဘဏ လက်ဆောင်ပမာ
မြစိမ်းရောင် ရတနာတစ်ပါးဟာ
ကျုပ်သွားလေရာ နေရာတကာမှာ
အသေအချာ ရှိနေတာပါ
ဘာကြည့်နေတာလဲ ရှင်မရယ်...။

www.burmeseclassic.com

www.burmeseclassic.com



*

■ ဥဒေါင်းစိမ်း… ပြောင်ခေါင်းစိမ်း
ပယင်းစိမ်း… စလင်းစိမ်း
သုံးပန့်လှစိမ်း… ဖရဲအူစိမ်း
နီလာစိမ်း… ဂေါမိတ်စိမ်း… တဲ့
စိမ်းချင်သမျှ စိမ်းလိုက်ကြစမ်း
မြမျိုးကျောက်ပြာ 'အကွာမရင်း' လို
အပြာရောင်လင်းနေတဲ့ ကျောက်တစ်ပွင့်ကတော့
ဂရိဘာသာစကားမှ ဆင်းသက်ခဲ့
ပင်လယ်ရေဆိုတဲ့ အနက်အဓိပ္ပာယ်နဲ့အတူ
ရေသူမလေးတွေရဲ့ လက်ဆောင်ကောင်း
ရှေးနှစ်ပေါင်း နှစ်ထောင်ကျော်လောက်ကတည်းက
ပေါ်ပေါက်…
လူသားတို့အတွက် အဖော်ကျောက်ပမာကွယ့်
ကျုပ်မှာ မော်လောက်စရာ
'အကွာမရင်း' နဲ့ မခြားတဲ့
မယားကောင်းတစ်ယောက်…
ကျောက်ကောင်းတစ်ပွင့် အဆင်သင့်လေ
ရှင်မ… ရှိနှင့်နေပြီပဲကွယ်…။



*

■ ယောက်ျားဖောင်စီး…
ပင်လယ်ခရီးပျော်တွေပဲ ဆောင်ချင်ဆောင်
မိန်းမ မီးနေ…
အိမ်ထောင်သည် ရှင်မတွေကိုပဲ ပေးချင်ပေး
အပြာရောင် ဖျော့ဖျော့ကလေးလိုပဲ ချစ်ချင်ချစ်
မြစိမ်းရောင် ပျစ်ပျစ်ကလေးကိုပဲ ရှာချင်ရှာ
အဝါရောင်ပွင့်လေးကိုပဲ ကြိုလင့် ကြိုလင့်
အညိုရင့်ရောင် အပွင့်လေးကိုပဲ သုံးချင် သုံး
'အကွာမရင်း'… ရဲ့ စံနှုန်းကတော့
သူတို့တုန်းက တစ်ဖုံ
ငါတို့နဲ့ကြုံတော့ တစ်မျိုး
အဲသလို လုပ်ရိုးထုံးစံ မရှိခဲ့ပါဘူး
ထူးခြားတဲ့ ခြောက်မြှောင့်ပုံဆောင်ခဲသဏ္ဍာန်နဲ့
လူသားအားလုံးရဲ့ ယုံကြည်မှုကို ခံယူ
ဝတ်ဆင်သူမှန်သမျှ
ချစ်ခြင်းမေတ္တာတွေ နာလန်ထလာစေမယ်တဲ့
အလဲ့… တယ်ဆိုတဲ့ စာပါလားကွယ့်…။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



■ 'အကွာမရင်း...'
သူ့အဆင်းဟာ ရှုရင်း ရှုရင်း
ရင်တွင်းအေးမြ လှပ အပြာ
ကဗျာလည်းဆန် အားမာန်လည်းတိုး
ခွန်အားဖြိုးမောက် အဆောင်ကျောက်လေ
တောင်မြောက်လေးပါး ဝေးခွာသွားတဲ့
မယားနဲ့လင် အဆင်မပြေ
အမြင်စွေစောင်း အကြောင်းကြောင်းကို
ပြန်ပေါင်းထုပ်ပေး ရင်တွင်းအေးမြ
လှပ အပြာ မေတ္တာစိမ်းလန်း
အို... ငြိမ်းချမ်းရေး မြပြာကျောက်လေးရယ်။

BURMESE CLASSIC .com



✶

■ ကိုလံဘီယာနိုင်ငံကပဲ လာလာ
ဘရာဇီးနိုင်ငံကပဲ ရရ
တောင်အာဖရိကမှာပဲ မွှေမွှေ
မြောက်အမေရိကမှာပဲ ရွေးရွေး
ဆိုက်ဗေးရီးယားကိုပဲ သွားသွား
မြပြာကျောက် အကောင်းစားတစ်ပွင့်နဲ့တော့
အကြောင်းတရားသင့်မှသာ တွေ့မြင်နိုင်လိမ့်မယ်
မြမျိုးဝင် 'အကွာမရင်း' တချို့ကိုတော့
မိုးကုတ် သပိတ်ကျင်းသွား ကားလမ်းအနီးက
စခန်းကြီးရွာ ကျောက်တူးစခန်းတချို့မှာ
စို့စို့ပို့ပို့လေး တူးဖော်တွေ့ရှိခဲ့ကြတယ်
ဩော်... မြ ဆို... ဆိုသလောက်
မေတ္တာသင်္ကေတ မြပြာကျောက်လေးရယ်။

www.burmeseclassic.com

www.burmeseclassic.com



*

■ မျက်ရွဲကျောက်ကို ရှာချင်ရှာ
မြပြာကျောက်ကို သိမ်းချင်သိမ်း
မြစိမ်းကျောက်ကို ဆောင်ချင်ဆောင်
ကောင်းကင်ပြာရောင်ကိုပဲ ဆင်ချင်ဆင်
ပင်လယ်ပြာရောင်ကိုပဲ ယူချင်ယူ
ဝတ်ဆင်သူကို အမုန်းဝေးစေခဲ့
နှလုံးအေးစေတဲ့ 'အကွာမရင်း' လေ
ပျော်ရွှင်ခြင်း ဘဝရတနာပေါ့
ရှင်မနဲ့တူ‌ဗွ မြပြာကျောက်လေးရယ်။

■ ကျုပ်နဲ့ ရှင်မဟာ
နေနဲ့လလို ရွှေနဲ့မြလို
နေတဲ့ဘဝကို အလှဆင်ရင်း
ဒုက္ခလွင်ပြင်မှာ
ပျော်ရွှင်ခြင်းနဲ့ နွေးထွေးခဲ့ကြတယ်
ကျုပ်ရဲ့ရှင်မ... ဘဝကဗျာနှယ်
မြပြာပြာ 'အကွာမရင်း' လေးရယ်...။ ။

1 Aquamarine
2. Beryl
3. Emerald

မတ်လ၊ ၂၀၀၂



## စိန်နားကပ်ကြီး ပန်ရမယ်

■ စိန့်သိုက်ဟာ
တိမ်တိုက်ထဲမှာ မရှိပါလေ
တောင်အာဖရိကတိုက် ကင်ဘာလီမြို့နားက
ကင်ဘာလိုက်လို့ အမည်ပေးထားတဲ့
မီးသင့်ကျောက် အမျိုးအစားတွေထဲမှာ ရှိတယ်
ပြင်းထန်တဲ့ ကမ္ဘာမြေဖိအားနဲ့
မြင့်မားတဲ့ အပူရှိန်အောက်မှာ ရှိတယ်
စိန်ရဲ့အစ အိန္ဒိယမှာ ရှိတယ်
ဘူမိမြေလွှာအောက်မှာတော့
သေချာသလောက် ရှိတာပေါ့ကွယ်

www.burmeseclassic.com

www.burmeseclassic.com



ရှိပင် ရှိငြားသော်လည်း
စိန်သားအစစ်နဲ့ စိန်သားနှစ် အပွင့်ဖြူဖြူကို
လွယ်လင့်တကူ ခွတ်ချုဖို့ အလုပ်တစ်ရပ်ဟာ
ကျုပ်မတတ်နိုင်လောက်အောင်ပါပဲ
လျို့ဝှက်နက်နဲလို့ ခက်ခဲလွန်းလှတယ်
မည်သို့ပင်ဖြစ်စေ
ဟော့ဒီ ကမ္ဘာမြေကြီးရှိနေသရွေ့
စိန်နားကပ်ကြီး ပန်ရမယ့် နေ့တစ်နေ့
မမေ့ပါနဲ့ ရှင်မရယ်... ။

■ စိန်ကခဲတတ်ရတာထက်
လူကခဲတတ်ရတာ ပိုခက်တယ်ဆိုပေမယ့်
ဆယ်ဆခဲ့ထားတဲ့ မှန်ဘီလူးနဲ့ကြည့်တာတောင်
မသိသာအောင် လှည့်စားတတ်လွန်းလို့
စိန်အနားကို မကပ်ရဲသေးဘူး ရှင်မရေ့
စိန်အရွေးမမှားရအောင်
စိန်လေးပါးရှိတဲ့ အကြောင်းတော့
ရှေးဟောင်းစာအုပ် တစ်အုပ်ထဲမှာ
ကျုပ်ဟောသလို တွေ့ရှိခဲ့ဖူးတယ်



BURMESE CLASSIC .com

'ကတ္တိစိန်' အသွေးဟာ
ဖွေးဖွေးဖြူလျက် အရိပ်ထွက်သတဲ့
'ကိသုရာစိန်' ဆိုတာကတော့
ရွှေညိုချိပ်ရည် အရောင်တည်သတဲ့
'ဗြဟ္မာဏာစိန်' ရဲ့ အရည်အချင်းကတော့
အတွင်းမှာ အဖြူလွှမ်းလို့
အပြင်မှာ သက်တံ့ရောင်သန်းသတဲ့
'ခတ္တိယစိန်' ရဲ့ အစွမ်းကတော့
လျှမ်းလျှမ်းလက်လက် အရောင်ထွက်သတဲ့
စာရွက်ပေါ်က စိန်တရားအားကိုးပြီး
စိန်အနား တိုးသွားမယ်ဆိုရင်တော့
အို... စဉ်းစားကြည့်ပေါ့ ရှင်မရယ်... ။

www.burmeseclassic.com

www.burmeseclassic.com



*

■ 'စိန်ကဲ့ရွှေကဲ ၊ ထိုနှစ်ကဲထက်
လူ့အကဲခတ် ၊ လွန်ခဲကတ်၏'… ဆိုတဲ့
ကဗိုထိုထို ၊ ရှေးစာဆိုတို့
ပြဆို ညွှန်ကြား ၊ ထိုစကားကို
စားစားသွားသွား ၊ နားနားနေနေ
ဘယ်မြေဒေသ ၊ ခြေချ ခြေချ
နေရသမျှ ၊ မမေ့ကြနဲ့
လူကလည်း အလိမ်တွေ
စိန်ကလည်း အတုတွေဆိုရင်
ဟော့ဒီ ရာစုသစ်ကြီးမှာ
မဟာ လူ့အဖြစ် အသီးသီးရဲ့ ကံတရား
အို… ခံစားကြည့်ပေါ့ ရှင်မရယ်… ။



■ စိန်တစ်ပွင့်ရဲ့ တန်ဖိုးကို
စီလေးလုံး ( 4C's) စံချိန်နဲ့ ဆုံးဖြတ်
စေ့စေ့စပ်စပ် သုံးသပ်ကြတယ်
စိန်သမားတွေရဲ့ တတိယမျက်လုံး
ကျုပ်… အံ့ဩလို့မဆုံးပါဘူးကွယ်
အလေးချိန် အရွယ်စား (Carat weight)
အကွက်ဖော်သွေးထားပုံ (Cut)
အသားကောင်း အောင်းဝင်မပါ (Clarity) နဲ့
လုပတဲ့ အရောင်အသွေး (Colour) ဆိုပြီး
စိန်အသီးသီးကို စစ်ဆေး
စိန်ဈေးကွက်ကို ဖော်ဆောင်
'စိန်အမှောင် ကြောင်အလင်း' ဆိုတဲ့ တရားကို
သွားလေရာမှာ လက်ကိုင်ပြုကြတယ်
ဟော့ဒီ ဇဟုခေတ်ထဲမှာ
အတု အစစ်ခွဲရတဲ့အလုပ်
ကျုပ် သိပ်စိတ်ရှုပ်တယ် ရှင်မရယ်… ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



■ ဘဝရဲ့ ဖြစ်တည်မှု ပါးပါးလေးထဲမှာ
စကားဖြောင့်ဖြောင့် ၊ အသွားအဖြောင့်ဖြောင့်
တရားဖြောင့်ဖြောင့်နဲ့ပဲ
(လူသားအားလုံးအပေါ်မှာ...)
အားတုံ့အားနာ နေချင်ပါတယ်
နေချင်ပါပြား... ကျုပ်ဘေးနားမှာ
စိန်နားကပ်ရောင်နဲ့ ပါးပြောင်ချင်တဲ့သူတွေ
စိန်ကောင်းကျောက်ကောင်း ရောင်းဝယ်ရာမှာ
ကန့်လန့်ပါပါနေတဲ့ ဆေးရိုးသည်တွေ
တိုးတိုးတစ်သွယ် ၊ ကျယ်ကျယ်တစ်မျိုး
ပုံစံအမျိုးမျိုးနဲ့ ရှိနေလေတော့
အရာရာမှာ သတိမလစ်အောင်
ဝိဘင္ဂမျက်လုံးနဲ့ ကြည့်နေရတယ်ကွယ်...။



■ တစ်ခါတလေမှာ
တွင်းထွက်စိန်တွေက အရောင်မှိန်
ဓာတုဗေဒစိန်တွေက အရောင်တောက်နေတော့
ကျောက်တကာတို့ရဲ့ ဘုရင်
အဆင်ရတနာတို့ရဲ့ တောင်ထိပ်ပန်း
တော်ဝင်တန်းဝင် စိန်တစ်ပွင့်အလှကို
သံသယနဲ့ အမြင်ရှုပ်ထွေး
အထင်သေးနေသလား ရှင်မရယ်
တဒင်္ဂမှာ မြင်နေရတဲ့ အတုထိုထိုဟာ
သူ့နဂိုကတည်းကိုက အစစ်မဟုတ်လေတော့
(အချိန်တန်ရင်...)
ညစ်ပုပ်ပုပ်ဖြစ်သွားမှာပါပဲ
စိန်သားနှစ် လိပ်ပြာတစ်ကောင်ရဲ့ မာနကိုတော့
ဘယ်အရာကမှ သေးသိမ်အောင် မလုပ်နိုင်ပါဘူး
မလှုပ်စေ မယိုင်စေနဲ့နော်... ရှင်မ...။

www.burmeseclassic.com

www.burmeseclassic.com



■ ပုထုဇဉ်လူသား မှန်သမျှမှာ
အနည်းနဲ့အများဆိုသလို
ထိုထို အမှား ၊ ကင်းသူ ရှားသနဲ့
ရှားတဲ့ထဲက ၊ ရသမျှစီစစ်
အပြစ်ကင်းသူ ၊ သရဖူပေါ့
ဘုမိပစ္စည်း ၊ အသီးသီးမှာလည်း
အနည်းနဲ့အများ ဆိုသလိုပေါ့လေ
ထိုထိုအပြစ် ၊ ဖြစ်ကောင်းဖြစ်နိုင်တယ်
အပြစ်တစ်မျိုးမျိုး ၊ တမိုးတစိ
မရှိတဲ့ စိန်ကျောက် ၊ မပေါ်ပေါက်သေး
စိန်ကျောက်နဲ့ လူသားသဘာဝဟာ
ထူးမခြားနားပါပဲ ရှင်မရယ်... ။

■ မည်သို့ပင်ဖြစ်စေ
ဟော့ဒီကမ္ဘာမြေကြီး ရှိနေသရွေ့မှာ
စိန်နားကပ်ကြီး ပန်ရမယ့် နေ့တစ်နေ့
ဘယ်တော့မှ မမေ့ပါနဲ့ ရှင်မရယ်... ။
မြို၊ ၂၀၀၂



# တတိယ မြချစ်သူ

★

မြန်မာအမျိုးသမီးများ၏ နာမည်တွင် "မြ" ပါသည့် နာမည်မှာ အလွန်များလှပါသည်။ အေးမြခြင်းသဘောကိုပဲ ရယူလို၍လော... ၊ ရတနာများတွင် တစ်ခု အပါအဝင်ဖြစ်သော "မြ" ၏ အဓိပ္ပာယ်ကိုပင် ရယူလို၍လော ၊

ဦးလှဝင်း(လေသူရဲတစ်ဦး)
"ကျွန်တော် ရတနာကုန်သည်" စာအုပ်မှ

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

■ ကျွန်ုပ်ရဲ့ ရှင်မမှာ
ကြည်လင်အေးမြတဲ့ မေတ္တာတရားရယ်
မုန်းခါး ပူလောင်မှုကင်းတဲ့ အတွင်းစိတ်ရယ်
အလင်းရိပ်လေးတွေ ဖုံးထားတဲ့ နှလုံးသားလှလှရယ်
သန္တရသ အထင်ကရ ထင်းသမို့
'ခင်မြဝင်း' လို့ပဲ အမည်တွင်ခဲ့လေသလား
ကြည်လင်တဲ့ သဘာဝစမ်းချောင်းလေးအသွင်ပဲ့
ကျွန်ုပ်နဲ့ ရှင်မရဲ့ ဘဝအိမ်သဏ္ဌာန်ဟာ
'မြ' ကို စိန်ရံထားတာထက်
အဆများစွာ လိုက်ဖက်ပါတယ်နော်...။



[ ၂ ]

■ ဘဝတစ်လျှောက်မှာ
'မြ' ကျောက်ရတနာကိုသာ စိတ်ဝင်စားသနဲ့
သိပ်ထင်ရှားတဲ့ မိန်းမသားနှစ်ဦး
ကမ္ဘာကြီးမှာ ရှိခဲ့ဖူးပါတယ်
ပထမ တစ်ဦးဟာ
အီဂျစ်ဘုရင်မ 'ကလီယိုပါထရာ' ဖြစ်ပြီး
ဒုတိယ တစ်ဦးကတော့
အဲလစ်ဇဘက်ဘုရင်မကြီးရဲ့ မယ်တော်တဲ့
'မေရီ' ဘုရင်မကြီးရယ်လို့ ကျော်ကြားခဲ့တာပေါ့
တတိယ 'မြ' ချစ်သူတစ်ယောက်ကတော့
ဘဝကျောက်ဖျာမှာ
'မြ' ကျောက်ရတနာ တစ်ပွင့်ပမာပဲ့
တင့်တယ်လှပတဲ့ ကုဏ္ဍိယဂုဏ်ပုဒ်နဲ့
ကျွန်ုပ်ရဲ့ တော်ဝင်အလှ...
ကျွန်ုပ်ရဲ့ အဖော်ရှင်မ...
(ဒေါ်)ခင်မြဝင်း ဖြစ်လေမလားပဲ။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

■ 'မြ'ကျောက်ရဲ့ အခြေပြတရားလေ
မေလဖွားတွေပဲ ဆင်မြန်းချင် ဆင်မြန်း
ကမ္ဘာ့အနောက်ခြမ်းသားတွေ ခံယူထားသလို
အင်္ဂါနဲ့ သောကြာသားသမီးတွေရဲ့
ဘဝခရီးမှာ အမြတ်ဆုံးလေ
'Birth Stone' မွေးလကျောက်မျက်အဖြစ်
အသက်ထက်ဆုံး တွယ်တာချင် တွယ်တာ
မြန်မာမှု နယ်ပယ်တစ်လွှားမှာတော့
ဗုဒ္ဓဟူး သားသမီးတွေရဲ့ အဆောင်ကျောက်ကွယ့်
ပြောင်မြောက်တဲ့ ဂုဏ်သတင်းတွေနဲ့ လင်းလက်တဲ့
မြစိမ်းရောင် တွင်းထွက်လေးတစ်ပွင့်ကို
မင်းအတွက် ပေးသင့်တာ ကြာခဲ့ပါပြီ
ဒါပေမဲ့ ရာသီစက်အိမ်တွေနဲ့
နာရီ ရက်အချိန်တွေသာ ကြာညောင်းလို့
အခုထက်ထိ အခါမကောင်းသေးတဲ့အဖြစ်
စိတ်မညစ်ပါနဲ့ ရှင်မရယ်…။



[ ၄ ]

■ ရှောင်အပ်တဲ့ မြကျောက် (၇)မျိုး
ကျွန်ုပ်မသိရိုး အမှန်ပါ
အဖိုးတန် 'မြ' ကျောက် အမျိုးမျိုးကိုလည်း
ကျွန်ုပ် တန်ဖိုးမဖြတ်ရဲပါ
စိမ်းမွဲတဲ့ အရောင်အဆင်း
စိမ်းဝင်းတဲ့ အဆင်းအရောင်
သခွားနွံရောင် အစိမ်းလွလွ
မြစိမ်းရောင် အစိမ်းမှောင်မှောင်
ကတ္တီပါရောင် အစိမ်းရင့်ရင့်မှာ
ဘယ်အရာက
ကိုလံဘီယာ မြတစ်ပွင့်လဲ
သူ့ မာကျောမှုအဆင့်က ဘယ်လောက်ရှိသလဲ
ကျွန်ုပ် မဝေခွဲတတ်ပါ…
စိတ်စာတ်ငြိမ်းချမ်း ၊ စိမ်းလန်းအေးမြ
ဖေးမကူညီ ၊ ဖြူကြည်မနော
အဟောဝတ ၊ သဘောမျှတဲ့
ဘဝအဖော် ၊ မြမျိုးခေါ်ကြ
မိုးကုတ်မြလား ၊ လုံးဝမဟုတ်
ကျွန်ုပ်ချစ်ခြင်း… 'ခင်မြဝင်း'… တဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

■ 'မြ'နဲ့ ပတ်သက်သမျှ ဆိုရိုး
ယုံကြည်စွဲလမ်းချက် အမျိုးမျိုးထဲမှာ
အိပ်မက်ဆိုးများကို ဖယ်ရှားပစ်နိုင်တဲ့ 'မြ'
ချစ်မေတ္တာ... ငြိမ်းချမ်းရေးနဲ့
ပျော်ရွှင်မှုဘဝကို ပေးနိုင်တဲ့ 'မြ'
မျက်စိအေးအောင် ငေးစိုက်ကြည့်နေရုံမျှနဲ့
မံသစက္ခုကို ကြည်လင်မှုရှိစေတဲ့ 'မြ'
ပရိဒေဝ အသွယ်သွယ်ကို ဖယ်ရှားပါလို့
ဘယ်သွားသွား (သူ့)အစဉ်ပါလျှင်တော့
အယူမင်္ဂလာအဖြာဖြာနဲ့
သာယာအေးချမ်း ဘေးမသမ်းစေတဲ့ 'မြ'
အနောက်တိုင်း ဘယဆေးထဲမှာလည်း အသုံးဝင်
အရှေ့တစ်ခွင်လုံးမှာလည်း အသုံးကျပါလို့
သာမန် လက်ဝတ်ရတနာ အလှသာမက
ဘာသာရေး အဆောင်အယောင် ဖြစ်ခဲ့တဲ့ 'မြ'
သို့ကလို အထင်ကရ သတင်းတွေဟာ
ကျွန်ုပ်ရဲ့ ခင်မြဝင်းကို
အရည်အသွေးချင်း မီနိုင်ပါ့မလား...။



[ ၆ ]

■ ဘဝတစ်လျှောက်မှာလေ
'မြ' ကျောက်ပမာ ရတနာအလှ...
သို့မဟုတ်
ကျွန်ုပ်ရဲ့ ရှင်မ(ခင်မြဝင်း)နဲ့အတူ
သောက အပူတွေကို ငြိမ်းသတ်
အနာဂတ်ဘဝကို ယုံကြည်
သစ္စာပါရမီကို ဖြည့်ဆည်း
မေတ္တာ သိဝ်သည်းဆကို ဖော်ဆောင်
ရူပ ဂုဏ်သတ္တိကို လေးစား
'မြ' ကျောက်ရဲ့ အတွင်းသားလို
အတွင်းအားကို အမွန်အမြတ်ထားကြပေမယ့်
အလွန်ဆတ်ပြီး ညှိုးငယ်နွဲ့ပါလို့
ကျိုးလွယ် ပဲ့လွယ်တဲ့ ကျောက်မျိုးမဖြစ်အောင်
အညစ်အကြေး မှန်သမျှကို တိမ်းရှောင်
အစိမ်းရောင် ဘဝတွင်းထွက်အစစ်တွေပါကွယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တွင် ဖော်ပြထားသော "ဗုဒ္ဓဖြစ်တော်ပေါင်း အန္တရာယ်ကင်း အံ့ဖွယ်ဂမ္ဘီရစတုရန်း" ပုံတွင်လည်း အလျားလိုက် ဖြစ်စေ၊ ဒေါင်လိုက်ဖြစ်စေ၊ ကြက်ခြေခတ်ဖြစ်စေ ပေါင်းကြည့်ပါက ကိန်းဂဏန်း (၃၄)ကို ရစေမည်ဖြစ်ပြီး တစ်ဖန် ၃ နှင့် ၄ ကို ပေါင်း၍ရသော ဝိညာဉ်ဂဏန်းသည် (၇)ကိုသာ ရနေမည်ဖြစ်ကြောင်း အံ့ဖွယ်ရာတွေ့ရှိရမည် ဖြစ်ပါသည်။

အံ့ဖွယ်ရာစတုရန်းမှာ အလျားလိုက်ပေါင်းကြည့်လျှင်-

| | | |
|---|---|---|
| ကြိုးကြာဘ၀ | = | ၁၆ |
| ဟင်္သာဘ၀ | = | ၉ |
| နိဘ၀ | = | ၆ |
| ကျေးဘ၀ | = | ၃ |
| | | ၃၄ (၃+၄=၇) |

တစ်ဖန်-

| | | |
|---|---|---|
| ကရဝိတ်ဘ၀ | = | ၅ |
| ကိန္နရီဘ၀ | = | ၄ |
| စာမရီဘ၀ | = | ၁၅ |
| မျောက်ဘ၀ | = | ၁၀ |
| | | ၃၄ (၃+၄=၇) |



တစ်ဖန်-

| | | |
|---|---|---|
| ဆင်ဘ၀ | = | ၁၁ |
| နွားဘ၀ | = | ၁၄ |
| မြင်းဘ၀ | = | ၁ |
| ကျွဲဘ၀ | = | ၈ |
| | | ၃၄ (၃+၄=၇) |

တစ်ဖန်-

| | | |
|---|---|---|
| ဥဒေါင်းဘ၀ | = | ၂ |
| သာလိကာဘ၀ | = | ၇ |
| ကြက်ဘ၀ | = | ၁၂ |
| ဝက်ဘ၀ | = | ၁၃ |
| | | ၃၄ (၃+၄=၇) |

အထက်ပါအတိုင်း အလျားလိုက် တစ်တန်းချင်း ဖြစ်တော်ပေါင်း ဂဏန်းအရေအတွက်ကို ပေါင်းပါကလည်း ၃၄ ရရှိပြီး ဝိညာဉ်ဂဏန်း(၇)သာဖြစ်သကဲ့သို့ အံ့ဖွယ်စတုရန်းကို ဒေါင်လိုက် ပေါင်းကြည့်ပြန်လျှင်လည်း ကြိုးကြာဘ၀- ၁၆၊ ကရဝိတ်ဘ၀ -၅၊ ဆင်ဘ၀- ၁၁၊ ဥဒေါင်းဘ၀- ၂ ဖြစ်၍ စုစုပေါင်း (၃၄)ရပြီး ဝိညာဉ်(၇)ဂဏန်းရနေမည် ဖြစ်သည်။

ကျန် ဒေါင်လိုက်အတန်းသုံးခုမှ ဖြစ်တော်ပေါင်းတို့ကို ပေါင်းကြည့်ပါကလည်း (၃၄)၊ ဝိညာဉ်(၇)ဂဏန်းရနေမည် ဖြစ်သည်။

ကြက်ခြေခတ်အတိုင်း ဖြစ်တော်ပေါင်း ဂဏန်းအရေ အတွက်ကို ပေါင်းပါကလည်း ကြိုးကြာဘ၀-၁၆၊ ကိန္နရီဘ၀-၄၊

www.burmeseclassic.com

www.burmeseclassic.com



[ ၇ ]

■ ကျွန်ုပ်ရဲ့ ရှင်မ...
တတိယ 'မြ' ချစ်သူထံမှာ
'မြ' သရဖူ မရှိပါ
'မြ' လက်ဝတ်ရတနာ မရှိပါ
'မြ' အဆောင်ကျောက်လည်း မရှိပါ
ဒါပေမဲ့ ရှင်မရဲ့ ရင်ထဲမှာတော့
အစဉ်အမြဲ စိမ်းလန်းသစ္စာနဲ့
ငြိမ်းချမ်းမေတ္တာ ('မြ'ကျောက်) ရှိပါတယ်...။ ။

မေလ၊ ၂၀၀၂



## ၁၀၈ လုံး ပယင်းပုတီးတစ်ကုံး

[ ၁ ]

■ ဘာမှ မသိနားမလည်သေးတဲ့
ကလေးသူငယ်တစ်ဦးရဲ့ အမြင်ပမာ
အပြင်လွှာမှာ အရောင်ပြိုးပြိုးပြက်ပြက်လေ
နှစ်သက်စရာ အသွင်ဆန်းပေစွ
အပြင်ပန်းက အရှိတစ်ထောက်ကို
မမြင်မကန်း အသိလောက်နဲ့ ကွက်ကြည့်ပြီး
ကျောက်မျက်ဗေဒ ပညာအသိ
ရတနာမျက်စိ မရှိခဲ့လျှင်...။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

■ အတွေ့အကြုံ အလေ့အထုံထူးတဲ့
ရတနာကုန်သည်တစ်ဦးရဲ့
ထွင်းဖောက်စူးရှတဲ့ အမြင်မှာတော့
အပြင်လွှာကိုသာမက
အဆင်တန်ဆာအလှတွေ
မွနေအောင် ဘယ်လို ခင်းထား ခင်းထား
အတွင်းသားထဲက အရည်အသွေးကို
စစ်ဆေးသုံးသပ် အကဲဖြတ်ရင်း
မှတ်ကျောက်ပမာ
ပညာမျက်စိ မပျက်ရှိတယ်။



[ ၃ ]

■ အတွေ့အကြုံကိုလည်း မြင်အောင်မရှု
လေ့လာသင်ယူမှုလည်း မရှိ
ပညာမျက်စိလည်း မပါတော့
ဝါဝါမြင်တိုင်း ရွှေထင်မှတ်
တဖျတ်ဖျတ် အရောင်တောက်နေတဲ့
နေရောင်အောက်က ပုလင်းကွဲတွေကို
ပယင်းခဲ ရဲရဲလေးလို့ ခံစားပြီး
ဉာဏ်တရား ဆိတ်စာမျှ မပါကြတဲ့
လိပ်ပြာလုလုလေးတွေ ဆော့နေကြတယ်
ဝိပ္ပလ္လာသပေါ့ ရှင်မရယ်…။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

■ စိန်,မြ,နီလာ
မဟူရာ,ပတ္တမြား
ဥဿဖယား,ဖရဲအူ
ဂေါမုတ်ဖြူ အညှံ့ပန်း
ခရမ်းစွဲ စလင်းပြာ
စလင်းဝါ ပြောင်ခေါင်းစိမ်း
ကျောက်စိမ်းတုံးနဲ့ သုံးပန်လှ
ပါလဒုတ္တာနဲ့ ဥဒေါင်
ကြောင်ကျောက်နဲ့ မျက်ရွဲ
ကျောက်မျက်ရတနာတွဲ များစွာထဲမှာ
ပုလဲ,သန္တာနဲ့ ပယင်းဆိုတာ
တွင်းထွက်ကျောက်မျက်ရတနာ မဟုတ်
တချို့က ရေအောက်မှာ ရုပ်ဘဝ စတင်
တချို့ သစ်ပင်မှာ ရုပ်ဘဝ သန္ဓေစွဲ
ပယင်းရဲရဲလေးတွေကိုတော့
ပုလင်းကွဲတွေနဲ့ မတွဲစေနဲ့နော်... ။



[ ၅ ]

■ ရေအောက်မှာပဲ အနေမြဲချင်မြဲ
မြေထဲမှာပဲ အနေကြာချင် ကြာ
သစ်ပင်မှာပဲ အနေညောင်းချင် ညောင်း
ရှေးနှစ်ပေါင်းများစွာကပင် ပေါ်ပေါက်
ကျောက်ခေတ်လောက်ကပင် စတင်ကာ
ထင်ရှားတဲ့ ရတနာတစ်ပါးအဖြစ်
ပယင်းကို
ကျောက်ခေတ်လူသားတွေ နှစ်သက်ခဲ့ကြတယ်
အီဂျစ်,ဖိုနီးရှန်း,ဂရိလူမျိုးတွေကလည်း
ပယင်းကို အလွန်မြတ်နိုးပါလို့
တန်ခိုးဣဒ္ဓိပါဒ်နဲ့ ပြည့်စုံတယ်လို့ မှတ်ယူ
အထွတ်အမြတ် ပူဇော်ခဲ့ကြတယ်
ဟောဒီ ရာစုသစ်လူသား(တချို့)ကတော့
ကိုယ့်ကိုယ်ကိုယ် အားစမ်းပြီး
ပတ္တမြား နဂါးကြီးကို ဖမ်းကြည့်ချင်ကြတယ်
ရွှေဘုံသာလမ်းထဲကို ဖြတ်သန်းသွားရင်
အစိမ်းပါသလား... အနီပါသလားနဲ့
အခါခါ စာရင်းကောက်သလိုပဲ့
ဝါတာတာ ပယင်းပြောက်လေးတွေမှာတော့
တွင်းကျောက်မဟုတ်လို့ မျက်နှာငယ်
စိတ်မပျက်ပါနဲ့ ရှင်မရယ်... ။

www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

■ ခေတ်အဆက်ဆက်ကတည်းက
တစ်ယောက်တစ်လက် ချဉ်းပြီး
ကောက်ချက်မယွင်း အမြင်မမှားစေဘဲ
ကျောက်မျက်စာရင်း ဝင်သွားရင်တော့
နန်းစဉ်ပတ္တမြားကြီးပဲဖြစ်ဖြစ်
သစ်ပင်နဲ့ သက်ရှိပိုးမွှားက ဖြစ်လာတဲ့
'Organic Gem'... အမျိုးအစား
ပယင်းကျောက် ဝိုးတဝါးလေးပဲ ဖြစ်ဖြစ်
ချစ်တတ်ရင် အဆင်တန်ဆာ
ကြင်နာတတ်ရင် ရတနာတစ်ပါးပေပေါ့
အားမလျှော့ပါနဲ့ ရှင်မရယ်
ပယင်းပုတီးလေးတစ်ကုံး ဝယ်ပေးမယ်...။



[ ၇ ]

■ ပယင်းရောင်ဆိုတာဟာ
ဝါမလိုလို ညိုမယောင်ယောင်နဲ့
ဝါညိုရောင် ဝီစကီလိုလို
အမြှုပ်တွေ တစီစီ လျှံထွက်နေတဲ့
ဖန်ခွက်ဖြူဖြူထဲက ဘီယာရောင်လိုလိုပ
ကာရာအိုအေ ညချမ်းရဲ့
အလှန္ဓမ်း အလင်းရောင်မှဲ့မှဲ့လေးက
ပယင်းရောင်လဲ့လဲ့လေးကို ဖိတ်ခေါ်
အို... သူတို့ သိပ်ပျော်ခဲ့ကြတယ်ဆိုပဲ
ပုလင်းကွဲလေးတွေ ကြားကို
ပယင်းခဲလေးတွေ သွားမိကြတော့
အမှားငြိခဲ့ကြတဲ့
တဖြုတ် ခဏ မေတ္တာကို
ရုပ်ဘဝ ချစ်စရာလို့ ထင်ကြတယ်
ဒုက္ခသစ္စာပေါ့ ရှင်မရယ်...။

www.burmeseclassic.com

www.burmeseclassic.com



[ ၈ ]

■ နေမင်းကပဲ လက်ဆောင်ပေးချင်ပေး
ထင်းရှူးပင် အစေးကပဲ ဖြစ်ချင်ဖြစ်
မာကျစ်တဲ့ အသွင်ပဲ ဆောင်ချင်ဆောင်
ပိုးကောင်မွှားကောင်လေးတွေပဲ ငြိချင်ငြိ
ပုံဆောင်ခဲစနစ် မရှိတဲ့ ပယင်းကျောက်ကို
ပန်းကန်ခွက်ယောက်အဖြစ် ဖန်တီးခဲ့ကြ
ပုတီး ကြယ်သီးအဖြစ် ပြုလုပ်ခဲ့ကြ
ရုပ်ထုနဲ့ လက်ဝတ်ရတနာအမျိုးမျိုး
ဆွဲကြိုးနဲ့ ဘယက်ဒွါဒရာ အဖြာဖြာ
ပယင်းကျောက် လက်ရာကောင်းလေးတစ်ခု
အကောင်းဆုံးရွေးပြီး ကျေးဇူးပြုရဦးမယ်
ဘာလိုချင်လဲ ရှင်မရယ်... ။



[ ၉ ]

■ ကျွန်ုပ်တို့ ရှေ့မှောက်မှာ
ရောက်ရှိလာတဲ့ အခြေအနေ မှန်သမျှကို
အပေါ်ယံမျှသာ မကြည့်ဘဲ
ဝိပဿနာအသိနဲ့ အဖြေရှာ
ဘာဝနာမယပညာနဲ့ မြင်အောင်ကြည့်
သမ္မာ သမာဓိရှိဖို့ အမြဲလုပ်
စိန်,ကြောင်,နီလာ ဆိုတဲ့ အစွဲပြုတ်သွားရင်
အပြင်ပန်းက ရုပ်ဝတ္ထုချစ်စရာတွေထက်
သစ္စာအခြေပန္နက်(အတွင်း)ကို
ကွက်ကွက်ကွင်းကွင်း မြင်ရလိမ့်မယ်
ရှင်မအတွက် ပုတီးလေးတစ်ကုံး
၁၀၈ လုံး ပယင်းပုတီးလေးတစ်ကုံးတော့
အကောင်းဆုံးလက်ဆောင် ပေးပါ့မယ်
မသေးငယ်ပါဘူး ရှင်မရယ်... ။ ။

ဇွန်လ၊ ၂၀၀၂

www.burmeseclassic.com

www.burmeseclassic.com



# ရတနာအနီမော်ကွန်း

[ ၁ ]

■ 'ကြည့်စမ်း အဆွေ ၊ အို အဆွေငဲ့
သည်မြေရှေ့ဘက် ၊ မိုးကုပ်စက်မှ
ကွဲအက်အန်ကျ ၊ ရဲရဲလှပြား
ပတ္တမြားရည် ၊ ယိုစီးလည်သည်
ရောင်နီစက်စက် ၊ တစ်စက်စက်' * တဲ့။
ဖြန့်ကြက်အလင်း ၊ မိုက်မှောင်ခွင်းပြီ
ချင်းချင်းနီမြူး ၊ အရဏ်ဦးမှာ
ငုံဖူးမာလာ ၊ ပန်းကမ္ဘာလည်း
ပွင့်အာလန်းရွှင် ၊ အသက်ဝင်ခဲ့
မျက်မြင်အလှ ၊ တာဒဂံလျှင်
အရှေ့တစ်ခွင်လုံးနီ...
တွေ့မြင်ပဆုံး နီ... ၊ နီ... နီ... နီ... နီ...
အနီသွေ့ကြွား ၊ အမြင်စားလေ
ပတ္တမြားအချင်း ၊ အနီခေတ်ဟာ
လက်ဖျစ်တစ်တွက် ၊ ရှုတ်တရက်မှာ
အို... နှုတ်ဆက်သွားကြပြန်ပြီကော... ။



[ ၂ ]

■ ဟိုမှာလည်း နီ ၊ သည်မှာ နီနဲ့
အနီရှိမှ ၊ ပီတိရသတဲ့
ဘဝဘုံမြင့် ၊ လုဂုဏ်တင့်သတဲ့
အဆင့်အတန်း ၊ အမြင့်လှမ်းသတဲ့
ပွင့်စမ်းဟဲ့ အနီရောင်
အောင်စမ်းဟဲ့ အနီကျောက်
တောက်စမ်းတဲ့ အနီပန်း
ထောင်ဂဏန်းကို မမက်ပေါင်
သောင်းဂဏန်းဆိုလည်း လက်ရှောင်
သိန်းဂဏန်းလောက်ဆိုမှပဲ
အို... မျက်တောင်လေး အသာစင်းပြီး
ရယ်သံတမျှင်းမျှင်းနဲ့ ဘဝင်ကျသတဲ့
ရှင်မ... မဟုတ်ပါစေနဲ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

■ 'ပတ္တမြားဘုန်းတောက်' ရယ်လို့ တစ်မျိုး
'ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်' ရယ်လို့ တစ်သွယ်
ပါဠိစာပေ နယ်ပယ်မှာတော့
'ပဒုမ ရာဂ' ရယ်လို့ တစ်ဖုံ
သူ့ဂုဏ်ဟာ
လူ့ဘုံမှာ အမည်မွေးပေရဲ့
စွေးစွေးနီတဲ့ ကေရီထိပ်ထားလား
မိုးကုတ်သားတွေရဲ့ သမိုင်းဦးအမွေလား
မိုင်းရှူးဒေသရဲ့ အသက်မဏ္ဍိုင်လား
မြန်မာနိုင်ငံရဲ့ ပြတင်းတစ်ပေါက်လား
နဝင်းဂုဏ် မြောက်ရှုံမှုမက
အလင်းမှုန်.အလင်းပေါက်လို့ဆိုတဲ့
သို့ကလို ဂုဏ်သတ္တိတွေနဲ့
စိန်ပြီးလျှင် ဒုတိယအမာဆုံး တွင်းထွက်ကွယ့်
လင်းလက်တဲ့ မက်စရာ တရဲရဲကို
ဘယ်သူ မျက်နှာလွှဲနိုင်ပါ့မလဲ
ရင်တမမ ဖြစ်စေတဲ့ လှမှုးအသွင်ကို
ဘယ်သူ မရဖူးချင်ပဲ ရှိပါ့မလဲ
ကဲ – ရှင်မစိတ်ထဲ ဘယ်လိုလဲ… ။



[ ၄ ]

■ အနီမှန်တိုင်း ၊ ပြည်တန်မဟုတ်
လူလုပ်ချက်ကျောက် ၊ မမက်လောက်ပါ
ကျောက်နီဆန်းဆန်း ၊ အညံ့ပန်းလား
ပတ္တမြားရောင်တောက် ၊ ဥဒေါင်ကျောက်လား
ကွာခြားတန်ဖိုး ၊ ကျောက်မျိုးများစွာ
အဖြာဖြာမှ ၊ ရတနာတန်းဝင်
နန်းစဉ်လက်သုံး ၊ ပတ္တမြားဘုန်းရောင်
ကြံတိုင်းအောင်ကျောက် ၊ ဆောင်တိုင်းမြောက်သတဲ့
အလူမီနီယံ အောက်ဆိုဒ်ရဲ့ သမိုင်းမှာ
အတိုင်းမသိ ထူးခြားခဲ့တဲ့
မိုင်းရှူးဒေဝီ ၊ ကေရီကို
ဘယ်လိုအနီတွေ ပြိုင်ဝံ့ပါသလဲ
ဖရဲအူလည်း ၊ အနီရဲတောက်
ပယင်းကျောက်လည်း ၊ အနီပဲလား
ပတ္တမြားလည်း ၊ အနီပဲလေ
မလွဲစေနဲ့ ရှင်မရေ… ။

www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

■ အနီထောင်းထောင်း...
ခြောက်သယောင်းမှိန် ၊ ခေတ်ပြောင်းချိန်လား
ပတ္တမြားခေတ် ၊ ကျန်ရစ်ပြီလား
လူသားကောင်းမှု ၊ ခါတုသီပွဲ
အကြံဖန်ကျောက်တွေ ၊ မြောက်နေပြီလား
ဝယ်လိုအား ရှားပါး ၊ ရောင်းအားမသွက်
ဈေးကွက်နရီ ၊ ပျက်နေပြီလား
ဂေါ်ထွက်သွားရုံ ၊ ရင်မခုန်နဲ့
အပြစ်စင်ရုံ ၊ ရင်မခုန်နဲ့
မြင်ရုံနဲ့ကွယ် ၊ ရင်ခုန်လွယ်တော့
စဉ်းစားကြည့်ပေါ့ ရှင်မရယ်...။



[ ၆ ]

■ ကပိုကသီ ၊ မစိုပြည်တော့
တိုလီမိုလီ ၊ နဝလီ ပေါက်သောက်
ကျောက်မျက်မျိုးစုံ ၊ စုံစီနဖာ
နေရာတစ်ဝိုက် ၊ ပိုက်စိပ်တိုက်ကြ
ဘဝညှိုးစွာ ၊ ဈေးဖိုးရှာကြ
လောဘတက်စွာ ၊ ဈေးကွက်ရှာကြ
အလွှာနှစ်ရပ် ၊ ကြက်ခြေခတ်ကြ
ပြဿနာမျိုးစုံ ၊ တစ်နေ့ကုန်ကြ
ရွှေဘုံသာလမ်း ၊ ကျောက်မျက်တန်းမှာ
ယောင်ယက်လှမ်းကာ ၊ ဝမ်းစာရှာကြ
လှမ်းစရာပါ့ ရှင်မရယ်...
မြို့ပြမြင်ကွင်း အထင်ကရကွယ် ..။

www.burmeseclassic.com

www.burmeseclassic.com



[ ၇ ]

■ ကုဗစနစ်မှာ ပုံဆောင်လို့
ဂုဏ်ရောင်ပြောင်တဲ့ ဥဒေါင်းတစ်ပွင့်ရယ်
စပင်နယ်ဆိုတဲ့ အမည်ဆန်းဆန်းနဲ့
အနီရောင် အညံ့ပန်းလေး တစ်ပွင့်ရယ်ဟာ
သူ့အဆင့်နဲ့ သူ့နေရာ
သူ့အထွာနဲ့ သူ့ဂုဏ်ဒြပ်
သူ့အရပ်နဲ့ သူ့လောကမှာတော့
မနောမယကျောက် မဟုတ်သော်ငြား
အုတ်အော်သွားအောင် ၊ ထုတ်ဖော်မကြွားပါ
ပတ္တမြားအရောင်နဲ့ ၊ ပါးမပြောင်ခဲ့ပါ
ဥဒေါင်းအများစုဟာ... အနီရောင်



အညံ့ပန်းဆိုတာလည်း... အနီရောင်
ပတ္တမြားဆိုတာလည်း... အနီရောင်
ဖမ္ဘူဘောင် တလွှားမှာတော့
အရှကြောင်ကျား အနီရောင်မျိုးတွေလည်း
တန်ဖိုးလျှော့ပေါ့ ၊ ရှိတာပေါ့ကွယ်
ရှိတာကို ရှိတယ်လို့ မှတ်ယူပြီး
အတွန့်ငြိ ၊ မကျုံ့မိအောင်
သတိရှိပါမှ ၊ တန်ကာကျမယ်
ဘဝကဗျာ ၊ ရတနာအနီ
ကမ္ဘာတည်အောင် အစဉ်အမြဲပေါ့
ရင်ထဲမှာလည်း နီကြမယ်နော်... ။

နှလိုင်၊ ၂၀၀၂

---

* ဒဂုန်တာရာ – အလင်္ကာကဗျာစာအုပ် (၁၉၆၂)မှ

www.burmeseclassic.com

www.burmeseclassic.com



# မြစိမ်းရောင်ရင်ခွင်မှာ

[ ၁ ]

■ အစိမ်းလမ်းမှာ
ကိန်းဂဏန်းတွေ ရှိပါတယ်။
အစိမ်းလမ်းမှာ
သိန်း,သန်း,ကုဋေ ရှိပါတယ်။
အစိမ်းလမ်းမှာ
ပြိုင်းလွှမ်းချွန်းထစ် ၊ လျှပ်စစ်ရိုးရဲ
မိုးမဲ(ပည်း)မှောင်မှောင် ၊ လျှို့မြှောင်ကျဉ်းကျဉ်း
အဆင်းခက်ခက် ၊ အတက်ကြမ်းကြမ်း
အန္တရာယ်စခန်းတွေ ရှိပါတယ်။



အစိမ်းလမ်းမှာ
သိမ်းမြှန်းပိုင်စိုး ၊ အမျိုးမျိုးသော
ကျားဆိုးမြွားမြောင် ၊ သားကောင်များစွာ
သွားလာလှုပ်ရှား ၊ နိုင်ရာစားကြ
ပရဒေသ ၊ ခြေမချရဲဘဲ
လျှို့ဝှက်သည်းဖိုတွေ ရှိခဲ့တယ်။
အစိမ်းလမ်းမှာ
ကိန်းခန်းကြီးစွာ ၊ ရတနာအမွေ
တွေတွေကြူးကြူး ရှိခဲ့ဖူးပါတယ်။
ယခု ကြည့်စမ်း
အစိမ်းလမ်းမှာ ၊ ယန္တရားသံတွေ
ဆူညံနေပြီ ၊ မြေဆီကျောက်သား
ရှာမှရှားစွ ၊ ရောမ ကျောက်စိမ်း
ကိန်းဂဏန်းတွေ ၊ သိန်း,သန်း,ကုဋေဝဲ့
ရင်ခုန်နေလား ရှင်မရဲ့။

www.burmeseclassic.com



[ ၂ ]

■ အစိမ်းရောင်များရဲ့ ကောက်ကြောင်း
တစ်ခါတုန်းက မြင်ကွင်းဟောင်းပေါ့
ချင်းတွင်းမြစ်ကြောင်းနဲ့
ဥရုချောင်းအကြားက
ဖားကန့်နဲ့ ဆိုင်းတောင်မှာ
အစိမ်းရောင်တွေ တိမ်းရှောင်နေခဲ့ဖူးတယ်
ခန္တီးနယ်မြေနဲ့ လုံးခင်းဒေသမှာ
တစ်ခါတုန်းက သဘာဝအစိမ်းများ
ကတိမ်းကပါး ဖြစ်ခဲ့ကြဖူးတယ်
ဟော့ဒီ ရာစုသစ်ရဲ့ နှစ်ဦး
၂၀၀၁ ခုနှစ် အကူးမှာတော့
ထူးခြားတဲ့ မြင်ကွင်းတစ်ခုလေ
အစိမ်းရောင် ပင်ရင်းသိုက်ကြီးထဲမှာ
ကျောက်စိမ်းငုတ်ကြီးတစ်ခု ဖြစ်ပေါ်
တန် ၂၀၀ ကျော် ခန့်မှန်း
အံ့မခန်းစရာပဲ့ ရှင်မရယ်
အစိမ်းလမ်းမှာ မြင်ရမယ်။



[ ၃ ]

■ တောလည်း စိမ်းစိမ်း ၊ တောင်စိမ်းစိမ်းမှာ
မြောင်လည်း စိမ်းစိမ်း ၊ မှော်စိမ်းစိမ်းမှာ
အစိမ်းများစွာ ၊ စိမ်းအားသာတဲ့
စိမ်း,ပြာ,ဝါဖောက် ၊ အရည်ကျောက်တွေ
နီပြောက်,ဖြူပြောက် ၊ အထည်ကျောက်တွေ
ကျောက်သားဖြူကြည် ၊ ကချေသည်ရုပ်
ဆင်ရုပ်,ကျားရုပ်,နဂါးရုပ် အမျိုးမျိုး
ဆံထိုးလက်ကောက် ၊ အသားကျောက်တွေ
အထွေထွေကွယ့် ၊ ဂျေဒိုက်ကျောက်စိမ်း
ဟိန်းလည်း ဟိန်းကာ ၊ ရှိမ်းလည်း ရှိမ်းစွာ
စိမ်း,ပြာ,ဝါနော ၊ ကျောက်စိမ်းကြောတွေ
တောခြေ ဝင်ခါစမှာပဲ
မောနေပြီလား ရှင်မရေ။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

■ နှစ်တွေလည်းဟောင်း ၊ ခေတ်တွေပြောင်းတော့
အရောင်းအဝယ် ၊ ဈေးကွက်နယ်လည်း
ကျယ်ပြန့်လွတ်လပ် ၊ သတ်မှတ်လုပ်ကွက်
နှစ်ဖက်ဈေးပြိုင် ၊ ပေးနိုင်သူကား
ကျောက်နဂါးလေ ၊ ပေါက်ပြား့တူရှင်း
ကျောက်သားတွင်းကို ဖောက်ထွင်း အန်တု
ရန်မပြုနိုင်ပါ
ယခုအခါ ၊ နည်းပညာခေတ်
ရာစုသစ်လေ ၊ မဖြစ်နိုင်တာ
ဘယ်အရာလဲ ၊ မဟာစွမ်းအား
ယန္တရားတွေ ၊ ဆန်းပြားပေစွ
နေ့ချင်း့ညချင်း ၊ ကျောက်စိမ်းတွင်းကြီး
မြင်ကွင်းမဆုံ ၊ တပြန့်တမော
ဖားကန့်ကျောမှာကွယ့်
တအားမအံ့ဩပါနဲ့ ရှင်မရယ်။



[ ၅ ]

■ ၁၃ ရာစု အစလောက်ကတည်းက
မြန်မာ့ကျောက်စိမ်း ၊ တခြိမ်းခြိမ်းလေ
ဟိန်းလည်း ဟိန်းကြွ ၊ ရှိမ်းလည်း ရှိမ်းစွ
မြရည်လိမ်းကျံ ၊ သံလိုမာကျော
လုံးချောပုံဖော် ၊ အကျော်ဒေးယျ
ရှေးမဆွ ကာလကတည်းက
ဈေးရခဲ့တဲ့ ကျောက်စိမ်း
အသွေးလှခဲ့တဲ့ ကျောက်စိမ်း
မွေးမြခဲ့တဲ့ ကျောက်စိမ်းလေ
အရေအတွက်ကိုပဲ မေးချင်မေး
အရည်အသွေးကိုပဲ ရှာချင်ရှာ
ထုထည်ပမာဏကိုပဲ တွက်ချင်တွက်
ဘက်ပြိုင်စိန်ခေါ်လို့
ဘယ်နိုင်ငံ ကျော်နိုင်ပါ့မလဲ
ဩော် မယုံဘူးလား ရှင်မရယ်။

www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

■ ဧရိယာ ကျဉ်းကျဉ်းလေးထဲမှာ
ရင်းနှီးနွေးထွေးစွာ အတူနေခဲ့ကြ
ထူးခြားတဲ့ ဘူမိဗေဒ အခြေခံနဲ့
မြေသယံဇာတတွေ ကြွယ်ဝလို့
တကယ်လှတဲ့ ရတနာလေးတွေပါတကား
ပတ္တမြား,နီလာ
ထပ်တရာ,ဥဿဖယား
နဂါးသွဲ့,ဥဒေါင်
ပြောင်ခေါင်းစိမ်း,ဂေါ်မုတ်
မိုးကုတ်မြေ ရွှေတွင်းဝါ
ပုလဲပြာ,အညှို့ပန်း
ပုံဆောင်ခဲတွေ အဆန်းဆန်းပ
ရောင်းပန်းလှတဲ့ ရတနာတန်းဝင်တွေကွယ့်
ကျွန်ုပ်နဲ့ အကျွမ်းမဝင်သေးပေမယ့်
ရှင်မကို လန်းရွှင်အေးအောင်တော့
မြန်းဆင်ပေးချင်တာပေါ့ ရှင်မရယ်။



[ ၇ ]

■ မြစိမ်း,ကျောက်စိမ်း
ပြောင်ခေါင်းစိမ်းထက်
အသက်မက ၊ မြတ်နိုးရသူ
ဓနဂုဏ်ပုဒ် ၊ မတုန်လှုပ်သူ
ကျွန်ုပ်ရဲ့ ရှင်မ
'ခင်မြဝင်း' နဲ့ အတူ
အေးတူ,ပူမျှ ၊ ဘဝကြမ်းကြမ်း
လှသက်တမ်းမှာ ၊ အလွမ်းရှာ,ထောင်
သီဖွဲ့နှောင်လည်း ၊ မြရောင်လွင်ပြင်
သင့်ရင်ခွင်သာ ၊ အကြင်နာလေ
မင်္ဂလာပါ ရှင်မရေ... ။

[ ၈ ]

■ မောင့် ရှင်မငဲ့
ဓနသိန်းသန်း ၊ အစိမ်းလမ်းမှာ
ကိန်းဂဏန်းတွေ ၊ ခြိမ်းလွှမ်းနေလည်း
စမ်းရေသွင်သွင် ၊ သင့်ရင်ခွင်သာ
ရင်မှာ စိမ်းလန်း ၊ စိတ်ငြိမ်းချမ်းမြဲ
သိန်းသန်းမက လှပါဘိ
အစိမ်းလမ်းမှ မြပြာအတိ။ ။

ဩဂုတ်၊ ၂၀၀၂

www.burmeseclassic.com



# မိုးပြာအောက်က ကဗျာတစ်ပုဒ်

[ ၁ ]

\+ အပြာရယ်...
မင်းဟာ
ငြိမ်းချမ်းခြင်းရဲ့ သင်္ကေတ
အေးမြခြင်းရဲ့ သစ္စာအမှန်
မေတ္တာလွှန်စိတ်ရဲ့ နိမိတ်ပုံ
ကောင်းကင်ဘုံရဲ့ ဘက်တော်သား
သမာဓိတရားရဲ့ အဆင်တန်ဆာ
ဉာဏ်ပညာရဲ့ အထိမ်းအမှတ်
မြင့်မြတ်မှုရဲ့ အဆောင်အယောင်
အောင်မြင်မှုရဲ့ သာဓက
ဟောဒီ သဘာဝ ကမ္ဘာ့ပြိုဟ်ကြီးထဲမှာ
ဆွဲဆောင်မှုအား အကောင်းအဆုံးအရာ
မြင်သူအပေါင်းကိုလည်း
ညို့ယူဖမ်းစားနိုင်စွမ်း အရှိဆုံးအရာ
အို... အပြာရယ်...။



[ ၂ ]

■ အပြာရယ်...
မင်းဟာ
သတင်းကမ္ဘာကြီးရဲ့ အလှအပလေ
မာနနဲ့ အာဃာတတွေကို ဖယ်ရှား
မေတ္တာတရားကို သယ်ဆောင်
ပူလောင်မှုတွေကို ငြိမ်းသတ်
ရန်သတ္တရုဓာတ်တွေကို အောင်မြင်
ပျော်ရွှင်မှုရဲ့ အရိပ်တစ်ခု
အနုပညာစိတ်ရဲ့ မိတ်ဆွေ
ညှိုးနွမ်းနေတဲ့ စိတ်တွေလည်း လန်းဆန်း
ကြမ်းတမ်းနေတဲ့ စိတ်တွေလည်း သတိဝင်
ဝိညာဉ်တွေရဲ့ နားခိုရာပေါ့
အို... အပြာရယ်...။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

■ အပြာရယ်...
မင်းဟာ
မနာလိုကင်း ၊ ဝန်တိုရှင်းတယ်
ဆောင်းနှင်းပမာ ၊ ကောင်းခြင်းဖြာတယ်
ဘယာရန်ဘေး ၊ ကာကွယ်ပေးတယ်
အေးဆေးဖော်ရွေ ၊ ပျော်ရွှင်နေတယ်
ကြုန္ဒြေဟန်ပန် ၊ ဂန္ထဝင်ဆန်တယ်
သန္တရသ ၊ ရင်အေးမြတယ်
အလှသောင်နံ ၊ အရောင်စုံပြား
ဂုဏ်နဲ့သိက္ခာ ၊ တစ်ပန်းသာတယ်
ခရမ်းပြာ ၊ မရမ်းပြာ
ပန်းပြာ,စိမ်းပြာ ၊ အဖြာဖြာတွင်
မိုးကောင်းကင်ပြာ ၊ ကတ္တီပါအပြာ
နီလာအပြာ... အို... အပြာရယ်... ။



[ ၄ ]

■ အပြာရယ်...
မင်းဟာ
ဟောဒီ ရာစုသစ် ကမ္ဘာကြီးထဲမှာ
ရတနာခေတ်သစ် တစ်ခုရဲ့ လမ်းကြောင်းလို
အမှန်ပင် ပြောင်းလဲသွားပြီလား
ကသောင်းကနင်း ကပျာကယာတွေနဲ့
ရတနာဈေးကွက်တစ်ခုရဲ့ အနာဂတ်လို
အမှန်တကယ် ပျာကလတ်ဖြစ်နေပြီလား
အနီမှန်လျှင် ပြည်တန်လို့
အပြာမှန်လျှင် မဟာဆန်လျက်ပါပဲလေ
ဉာဏ်ကွက်တွေနဲ့ ဘယ်လိုပဲ ပြန်ပြင်ပြန်ပြင်
ရတနာတို့ရဲ့ ဝိညာဉ်ဟာ အပြာ
ပင်လယ်ပြာ... ကောင်းကင်ပြာ... ကတ္တီပါပြာ...
နီလာအပြာ... အို... အပြာရယ်... ။

www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

■ အပြာရယ်
မင်းဟာ
တင်းမာနေတဲ့ ရတနာတစ်ပွင့်လား
မာဆင့်(၉)ရှိတဲ့ စွမ်းအားနဲ့
ဆန်းပြားတဲ့ အဆင်အသွေးကြောင့်
နားထင်သွေးရောက်
ခြေဖျားထောက်လို့ မောက်မာနေတာလား
ပတ္တမြားနဲ့ မျိုးရင်းမကွာလို့
ကိုးနဝင်း ရတနာဆိုပြီး
မာနသရဖူ ဆောင်းနေတာလား
ဘယ်သူတွေ အမြင်စောင်းစောင်း
ကိုယ်ကတော့ အကောင်းပဲမြင်တယ် အပြာရေ...
ဝါ,ရွှေ,ခရမ်း,မရမ်း,ဖြူပြာ...
သူဇာတန္ထန်း
ဘယ်သူပြိုင်လို့ နိုင်မှာတုံးကွယ်
နောက်ဆုံးတော့... သည်ကမ္ဘာမှာ
နီ... ဝါ... ဖြူ... ညို... စိမ်း...
ရတနာမိုးကြီးတွေ ဘယ်လိုပဲ ခြိမ်းခြိမ်း
ငြိမ်းတယ်... ချမ်းတယ်... အပြာရယ်...
နီလာအပြာ... အို... အပြာရယ်... ။



[ ၆ ]

■ အပြာရယ်...
မင်းဟာ
မလိုတမာတွေကို ရှောင်ရှား
အရောင်များရဲ့ သရဖူပါ
အောင်မြင်သူများရဲ့ အဆောင်တစ်ရပ်
မြင့်မြတ်သူများရဲ့ ရင်နှစ်ပန်း
မေတ္တာစမ်းရေကို သယ်ဆောင်
ပူလောင်မှုတွေကို ဖေးမ
ဘဝအမောတွေကို ပြေစေ
တွေဝေနေသူတွေ အတွက်တော့
ဖန်ပြာခွက်နဲ့ ကျောက်စက်ရေပါပဲ
အနှောင့်အယှက်တွေကိုလည်း လုံးဝ မဖြို့
ယုံကြည်ခြင်း မျှော်လင့်ခြင်း ဖန်တီးနိုင်ခြင်း... စတဲ့
ထို အတွင်းအား သုံးမျိုးနဲ့ နေထိုင်
ဘယ်သူပြိုင်လို့ လုနိုင်ပါ့မလဲ
ကိုယ့်ရင်ထဲက ထာဝရအပြာ
ပဓာနအပြာ... သဘာဝအပြာ
ကဗျာအလှအပြာ... အို... အပြာရယ်... ။

www.burmeseclassic.com

www.burmeseclassic.com



[ ၇ ]

■ အပြာရယ်...
မင်းဟာ
ရတနာလောကရဲ့ ဂုဏ်ဒြပ်တစ်မျိုး
နဝတ်ရတ်ကိုးသွယ်ရဲ့ မျိုးနွယ်တစ်ပါး
ယုံကြည်ကိုးစားမှုရဲ့ တစ်ခုသောအရိပ်
မေတ္တာစိတ်ရဲ့ နိမိတ်လက္ခဏာ
မျက်နှာမြင် ချစ်ခင်ပါစေ... ဆိုတဲ့ ဆုနဲ့
အတုမဲ့ ပြည့်စုံတဲ့သူ
နီလာဖြူ... နီလာပြာ
နီလာဝါ... နီလာပန်း
နီလာမရမ်း... နီလာခရမ်း
နီလာရွှေ... နီလာစိမ်းတွေကြားမှာ
ခပ်သိမ်းရတနာ ၊ ရှုဖွယ်ရာတည့်
ရတနာအပေါင်းရဲ့ ဒေဝီ
မိုးပြာအောက်က မောင့်ကေရီ
ဖြောင့်မတ်တည်ကြည်တဲ့ အပြာ
ကြည်လင်အေးမြတဲ့ အပြာ
အပြာ... အပြာ... အို... အပြာရယ်...။



[ ၈ ]

■ အပြာရယ်...
မင်းဟာ
ရတနာတစ်ပွင့်... သို့မဟုတ်
ကဗျာတစ်ပုဒ်... သို့မဟုတ်
မိုးကုတ်ဒေဝီ ၊ ကေရီလား
ရည်ရည်ပြာပြာ ၊ ကိုယ့်နီလာလေ
မဟာအချစ် ၊ ကိုယ့်ရင်နှစ်လေ
မေတ္တာသန့်စင် ၊ ကိုယ့်ဝိညာဉ်လေ
ညို့ငင်အလှ ၊ ကိုယ့်ရှင်မလေ
မင်းဟာ ပဿဒအပြာမဟုတ်ပါ
ထာဝရ ကဗျာတစ်ပုဒ်ပမာ
အပြာ.... အပြာ... အို... အပြာရယ်...။ ။

စက်တင်ဘာ၊ ၂၀၀[illegible]

www.burmeseclassic.com

www.burmeseclassic.com



## အရောင်မဲ့ ရင်ခုန်သံဘယ်မှာ...

[ ၁ ]

■ ရတနာအရည် တဖျတ်ဖျတ်လင်းသလိုပဲ
ကဗျာအကြည်ဓာတ်တွေ တလျှပ်လျှပ်ဝင်းပါဘိ
အမှတ်တရ အခြင်းအရာတွေကို
အတ္တအလျှင်းမပါစွာ အာရုံခံလို့
ရတနာအသွင် ပုံသဏ္ဌာန်တွေက
အမျိုးအမယ် စုံသလိုပေါ့လေ
ကဗျာ ရင်ခုန်သံတွေကလည်း
အတိုး့အကျယ် အဖုံဖုံနဲ့



လူ့ဘုံမဟီကို
ဗဟုဂုဏ် အလီလီ ဆင်သ,လုံသော်လည်း
အခုတော့... မြင်ကြတဲ့အတိုင်းပါပဲလေ
ရှင်မကိုတောင်...
ရွှင်ပျချိုအောင် သကာမအုပ်နိုင်ခဲ့
ကဗျာတစ်ပုဒ်ရဲ့ လှုပ်ခတ်နေဟန်နဲ့
ရတနာသရုပ်ရဲ့ ရုပ်ဒြပ်အခြေခံဟာ
မနုဿပေတံပေါ်မှာ အရစ်အမျှင်အစင်းတွေ ထင်လို့
အပြစ်စင်စင် မကင်းခဲ့ပါဘူး
ခေတ်မြင်ကွင်းမှာဖြင့်
ဖြစ်စဉ်ချင်း တစ်ထပ်တည်းပါလား ရှင်မရယ် ...

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

■ ရတနာဗေဒ အခြေခံများနဲ့
ကဗျာဗေဒ ဝေကန်တရားဟာ
စံထားပုံချင်း တူကြသလို
နဂိုမူလချင်းဟာလည်း တထေရာတည်းပါပဲ
ဥပမာပေါ့လေ...
စိန်တစ်ပွင့်ရဲ့ အာယုအခြေပြုဟာ
ဓာတုဗေဒသဘောအရ
ကာဗွန်ဓာတ်မျှသာ ဖြစ်ခဲ့သလို
ကဗျာတစ်ပုဒ်ရဲ့ အလှဗေဒဟာလည်း
ဘဝအကြောအမွှတွေ ထဲမှာ
သာမညတစ်ရပ်လို ထင်ရတဲ့
ပါဝကဓာတ်ပါပဲ ရှင်မရယ်
မာသမျှ(အဖတ်)တွေကို
ကျေကျေညက်ညက် ချေဖျက်တတ်တဲ့သဘော
တေဇောဓာတ် တစ်မျိုးပေါ့ကွယ်
အမာကျောဆုံး စိန်ရတနာလိုပဲ
အချိန်အခါရဲ့ အလိုသဘောအရ
ကဗျာချောချောလေးလည်း မာကျောခဲ့ရတော့တယ်။



[ ၃ ]

■ အပေါ်ယံ အလွှာများဆီက
ထိပါးတဲ့ ဖိအားသန်သန်နဲ့
ပြင်းထန်တဲ့ အတွင်းအလျှံ အပူရှိန်တို့
နှစ်ပင်လိမ် နှိပ်စက်လိုက်တဲ့အခါ
စိန်ဆိုတာ ဖြစ်ပေါ်လာတာပါပဲ
ခေတ်ပေါ်ကဗျာတစ်ပုဒ်ရဲ့
အတ္တုပ္ပတ္တိ ပကတိတရားဟာလည်း
ငြိသွားတဲ့ ဖိအားဒဏ်တွေနဲ့
ပြင်းထန်တဲ့ အတွင်းသန္တာန်(စိတ်)တို့
ထိပ်တိုက် တိုးမိတဲ့အခါမှာ
ကဗျာဆိုတာ ဖြစ်ပေါ်လာတာပါပဲ
ရတနာတစ်ပွင့်... သို့မဟုတ်
ကဗျာတစ်ပုဒ်ရဲ့ ဖြစ်စဉ်ကို
ခေတ်အမြင်နဲ့ပဲ ကြည့်ချင်ကြည့်
ဘူမိဗေဒအမြင်နဲ့ပဲ အဖြေရှာချင်ရှာ
ဒေတာချင်းတွေ ဆင်ကြတယ်
ရှင်မ မြင်ရပါလိမ့်မယ်...။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

■ အနာအဆာ ကင်းစင်ပြီး
ရတနာစာရင်းမှာ တာဝတီအဆင့် ဆိုတဲ့
မဟာ စိန်တစ်ပွင့်မှာတောင်
အမည်းစက်လေးတွေ အသင့်အတင့်ဟာ
တဝင့်ဝင့် တဝိုဝိုတွေကြားမှာ
အဆင့်ဆင့်ပါသွားတာ မြင်ဖူးကြပါလိမ့်မယ်
ဆယ်ဆချဲ့ မှန်ဘီလူးနဲ့ကြည့်မှ
သိရ,မြင်ရမယ့် အနာအဆာလေးတွေပေါ့
ကာဗွန်ကနေ အသွင်ပြောင်းပြီး
စိန်ကောင်း,ကျောက်ကောင်း ဖြစ်လာရတော့
အပြစ်အနာကတော့ ပါမှာပေါ့လေ
ခေတ်ကဗျာအလုလေး တစ်ပုဒ်မှာလည်း
ငုပ်နေတဲ့ ဒဏ်ရာနဲ့
နာနေတဲ့ အစက်အပြောက်လေးတွေဟာ
တစ်ကွက်,နှစ်ကွက်လောက်တော့ ရှိမှာပေါ့
အဘိဓမ္မာအရ ပြောရလျှင်တော့
ဘဝတေဇောဓာတ်ကနေ အခါခါပြောင်းပြီးမှ
ကဗျာကောင်းတစ်ပုဒ် ဖြစ်လာရတာ မဟုတ်လား
ကျွန်ုပ်ရဲ့ စကားအန္တယ်လေးကို
နားလည်ပေးပါ ရှင်မရယ်...။



[ ၅ ]

■ ရမ္မက်ညွတ်စရာတွေ များတဲ့ခေတ်မှာ
လက်ဝတ်ရတနာတစ်ပါး အဆင့်ထက်
လူသားရဲ့ အရှိန်အဝါကို မြင့်စေတဲ့
စိန်ရတနာပွင့်လေးတွေပမာ
ရှုစရာ အထွေထွေခေတ်မှာ
အနုစာပေ အဆင့်ထက်
လူ့ကမ္ဘာမြေကို ရှင့်ကျက်စေရာကွယ့်
အမြင့်ကျက်သရေ အဖြာဖြာပါ
အပွင့်အခက် ဝေဝေဆာဆာနဲ့
ကဗျာလေးတွေ လုနေစေချင်တယ်
မည်သို့ပင်ဖြစ်စေ...
စိန်စစ်မှန်ကြောင်း ထာဝရ ခမည်းတစ်ကွက်ဟာ
သဘာဝ အမည်းစက်လေးတွေ ဖြစ်သလို
ကဗျာ စစ်,မစစ်ကို အဖြေရှာတော့
သေချာတဲ့ အမည်းတစ်စက်ဟာ
ဝေဒနာ အသည်းအက်အက်လေးပါပဲ
အေးလေ... ဘာတတ်နိုင်တာမှတ်လို့ ရှင်မရယ်...။

www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

■ လောကီပြေးလမ်းတစ်လျှောက်မှာ
ရတနာပေါက်သောက် ၊ ဓါတုကျောက်တွေ
တောက်တောက်ကြွားကြွား ၊ ပတ္တမြားထိန်ထိန်
စိန်တလက်လက် ၊ ထွေးရောယှက်တင်
လက်လက်စင်သွား ၊ ခဲလား၊ရွှဲလား
ဖွဲလား၊ပုလဲလား ၊ မလွဲမှားအောင်
ခွဲခြားတတ်တဲ့ အလေ့အထုံကတော့
အတွေ့အကြုံပေါ့ ရှင်မရယ်...
အကယ်တန္တ...
ပြည်တန်ကျောက်မျက် ၊ တန်ဖိုးပျက်ကာ
ချက်ကျောက်များစွာ တောက်ကြွားပါလည်း
ရတနာအစစ်ဟာ ပြာမဖြစ်နိုင်သလို
မဟာအချစ် ကဗျာစစ်လျှင်
ပြာ မဖြစ်နိုင်ပါဘူး ရှင်မရယ်...။



[ ၇ ]

■ ပြက္ခဒိန်လှလှများ
အချိန်ကာလ တလှစ်လှစ်များ
ရာစုနှစ် အသစ်၊အသစ်များ...
ကွာကျ ယိုင်လဲသွားခဲ့ကြပေမယ့်
ထာဝရ နိုင်မြဲတဲ့ သင်္ကေတအဖြစ်
စိန်ကို နှစ်နှစ်ကာကာ ချစ်ကြတယ်
ချစ်မေတ္တာတရားရဲ့ ကိုယ်ပွား
နှလုံးသားရဲ့ အဆင်တန်ဆာပေါ့
အကြင်နာ လက်ဆောင်ပေးကြတဲ့ စနစ်ဟာ
ကမ္ဘာမှာ ဖြစ်ထွန်းလာတာနဲ့အမျှ
စိန်ပွင့်လေးတွေ တရှန်းရှန်း တောက်ပနေတယ်
အချစ်ရှိနေသမျှ ကာလမှာ
စိန်ဆိုတာ ထာဝရရှိနေမယ်
ခေတ်ရှိနေသမျှ ကာလမှာလည်း
ကဗျာအလှတွေ ထာဝရပေါ့ကွယ်...။

www.burmeseclassic.com

www.burmeseclassic.com



[ ၈ ]

■ ဖြူ၊ပြာ၊နီ၊ဝါ၊ညိုမှောင်
ရတနာရောင်စုံကို မြင်တဲ့အခါ
ရင်ခုန်သံမှာ အရောင်ပါတယ်
ကဗျာတစ်ပုဒ်ကို
ရုတ်တရက်ခံစား ရင်ခုန်သွားတဲ့အခါ
ရင်ခုန်သံမှာ အရောင်ပါလိမ့်မယ်
ဖြူ၊ပြာ၊နီ၊ဝါ၊ညိုမှောင်…
အို… ဘာအရောင်လဲကွယ် ရှင်မရယ်…။ ။

အောက်တိုဘာ၊ ၂၀၀၂



# မာလ်တီလူသား ဖျားနေတယ်

■ ရင်ဝှက်ပန်းရဲ့
ပဥ္စလက်အနမ်းတွဲလား
ကျွန်ုပ်တစ်ကိုယ်လုံး ခါယမ်းသွားအောင်
ခံစားလိုက်ရတယ်လေ
နယ်နိမိတ်တွေကို ဖြတ်ကျော်လာတဲ့ အပြုံး
တောင်ကုန်းတောင်တန်းတွေကို
ဖြတ်သန်းတိုက်ခတ်လာတဲ့ ခေါ်သံ
တံတိုင်းနံရံ မတ်စောက်ကြီးတွေကို
ဖြိုချဖောက်ထွက်လာတဲ့ လက်ချောင်းများနဲ့
သူမရဲ့ ရင်ခွင်ကြားကို ဆွဲနှစ်
ဂလိုဘယ်လိုက်ဖေးရှင်း အချစ်တဲ့
ကျွန်ုပ်ရဲ့ အဖြစ်ဟာ
တတိယလှိုင်းထဲမှာ နှစ်တော့မယ်…။

www.burmeseclassic.com

www.burmeseclassic.com



■ အချစ် အလိုကျပေပါ့
နစ်လိုက နစ်စေ…
ဖြစ်လိုသမျှ ဖြစ်စေဆိုပြီး
ဟဲဗိုးမက်တယ်တွေနဲ့ နေထိုင်
ဆိုင်ဘာယဉ်ကျေးမှုနဲ့ ပေါင်းသင်း
သဘာဝဗေဒ ကွယ်လွန်သွားခြင်းကို
အချင်းမသိလိုက်တဲ့ ကျွန်ုပ်ဟာ
လုဖွတိ ပလုဖွတိ လောကောထဲမှာ
ဒရောသောပါးကြီး မျောတော့မယ်…။

■ ကတိုက်ကရိုက် ကသီကရီနဲ့
လိုက်မမီတဲ့ အမှန်လွန်လောကမှာ
သောဘဏဖြစ်စေမယ့် စိတ်အေးတစ်ကွက်နဲ့
ကျွန်ုပ်ကို…
အိပ်ဆေးတစ်ခွက်လောက်
ပေးပါလား ရှင်မရယ်…။

ဇန်နဝါရီလ၊ ၂၀၀၃



# ပြုံးလိုက်စမ်းပါ ရှင်မရယ်…

[ ၁ ]

❒ ဘဝတစ်လျှောက်လုံးမှာ
ရလာတာလေးတွေက တစ်ထွာ,နှစ်ထွာ
ရှာနေတာလေးတွေကလည်း တစ်ပွင့်,နှစ်ပွင့်
မျှော်လင့်မှုလေးတွေက တစ်ခိုင်,နှစ်ခိုင်
တိုက်ဆိုင်မှုလေးတွေလည်း တစ်ကြိမ်,နှစ်ကြိမ်
သည်လိုနဲ့ တင်းတိမ်ခဲ့ရပေါင်း များလှပါပြီ
ဘဝတစ်လျှောက်လုံးမှာ
လုပ်ချင်တာလေးတွေ ကံသင့်လို့
အတန်အသင့် လုပ်ခွင့်ရရုံမျှနဲ့
ချင်ခြင်းဆန္ဒ ပြည့်ဝနိုင်ပါသလား
ဘဝအမောတွေ ချောပြေသွားနိုင်ပါသလား
ငါး မရလို့
ရေချိုးပြီး ပြန်ခဲ့ရတဲ့ အကြိမ်ပေါင်း
ဘယ်နှစ်ကြိမ်လောက် ညောင်းခဲ့ပြီးပြီလဲ
တစ်ခါက အိပ်မက်ဟောင်း တစ်မက်
ခဏ ခဏ ပြန်မက်နေမိတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

■ ဖိနိုပ်လို့ မရတဲ့
မသိစိတ်ရဲ့ နောက်ကွယ်က
အမှတ်ရ ငြိတွယ်ခဲ့မှုလေး တစ်ခုဟာ
ဘဝတစ်လျှောက်လုံးကို ကိုင်လှုပ်ခဲ့ပြီ
ကျွန်ုပ်ရဲ့ ဘဝအမောတွေကြားမှာ
ခဏ အမောပြေသွားစေတာဟာ
ဘယ်အရာတဲ့တုန်း....
ဒါ – ပထမဆုံး အနမ်းပေါ့ကွယ်
ပြုံးလိုက်စမ်းပါ ရှင်မရယ်...။



[ ၃ ]

■ ဇာတိပ္ပိုလ်သီး တစ်လုံးရဲ့
အသုံးဝင်မှု သဘော သဘာဝဟာ
ရောဂါဘယ တစ်မျိုး,နှစ်မျိုးလောက်ကိုတော့
ပျောက်ကင်း ချမ်းသာစေတာ အမှန်ပါပဲ
ကျောက်မျက်ရတနာ တစ်ပွင့်ရဲ့
အမြင့်ဆုံး အံ့မခန်း အာနိသင်ကတော့
တစ်ခါကြည့်မြင်ရုံနဲ့ပဲ
လူသားရဲ့ နှလုံးစိတ်ဝမ်းထဲမှာ စွဲငြိ
မသိစိတ်လေးရဲ့ နောက်ကွယ်မှာ ဖက်တွယ်
ခဏ ခဏ ပြန်မက်လွယ်တတ်တဲ့
အိပ်မက်ငယ်လေး တစ်မက်ပေါ့
ကျွန်ုပ်အတွက် ထိုအိပ်မက်ဟာ
ကျောက်မျက်ရတနာ တစ်ပွင့်ပါလေ
ဒါမှမဟုတ် –
ကျွန်ုပ်ရရှိခဲ့တဲ့ ပထမဆုံးအနမ်းကွယ့်
အို – ပြုံးလိုက်စမ်းပါ ရှင်မရယ်...။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

■ ဇာတိပွိုလ်သီးတစ်လုံးရဲ့ အသုံးဝင်မှုကို
လိုအပ်ချိန်ရှိမှ သတိရပေမယ့်
ကျောက်မျက်ရတနာတစ်ပွင့်ရဲ့
တင့်တယ်လှပမှု (သဘာဝ)ကိုတော့
တစ်ခါမျှ အသိဖလှယ်မှုးရုံနဲ့
ထာဝရငြိတွယ်တဲ့ ဆူးလိုပေါ့
ဒါပေမဲ့ – ကြည်နူး ရင်ခုံခဲ့ရတယ်
ပထမဆုံး ရခဲ့တဲ့ အနမ်းဟာ
အဝေးဆုံး တောင်ပတ်လမ်းပေါ်က
တောင်ဇလပ်ပန်းလို မွှေးမြခဲ့တယ်
အို – ပြုံးလိုက်စမ်းပါ ရှင်မရယ်... ။



[ ၅ ]

■ ဘဝမှာ ခရီးပြင်းနှင်ခဲ့သမျှ
ရှင်မနဲ့ ဆုံစည်းခဲ့မှု တစ်ခုဟာ
အနုပညာပေါ့ ရှင်မရယ်...
အနုပညာ မြောက်များစွာထဲမှာလည်း
အခက်ခဲဆုံး ဥမင်လိုဏ်ပေါက်ထဲက
ကလိုင်ခေါက်နေတဲ့ အစာအိမ်ကို ရင်ဆိုင်
ကဗျာနဲ့အတူ နေထိုင်ခြင်းပေါ့ကွယ်
တွင်းထွက်ရတနာ မြောက်မြားစွာထဲမှာလည်း
'ပတ္တမြား ဘုန်းတောက် ၊ မြကျောက် အေးချမ်း
စိန်စွမ်း ဂုဏ်ရောင် ၊ ကြောင်ကား သိဒ္ဓိ...'
ရယ်လို့
သို့ကလို အဆိုတစ်ရပ် ရှိခဲ့ပေမယ့်
နဝရတ်ကိုးသွယ်နဲ့ ကွာလှမ်းတဲ့
ရတနာ အညွှံပန်းတစ်ပွင့်ကိုမှ
ဆုံစည်းခွင့် ရခဲ့ခြင်းပေါ့ကွယ်
ဘဝနဲ့ ရင်းခဲ့သမျှ မန်းဟိုက်စတမ်းပေါ့
အို – ပြုံးလိုက်စမ်းပါ ရှင်မရယ်... ။

www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

■ အသစ်မြင် ကမ္ဘာတစ်လွှားမှာ
ဖြစ်စဉ် တော်တော်များများဟာ
မြန်းစား မြင်းစားကြီးတွေ ပြောင်းလဲနေကြတယ်
လောကကြီး ပြောင်းလဲနေတာနဲ့ အမျှ
လောကအမြင်တွေလည်း ပြောင်းလဲနေကြတယ်
အပြောင်းအလဲတွေ များသလောက်
ခလောက်ဆန်နေတဲ့ ကမ္ဘာကြီးမှာ
ဘယ်တော့မှ ပျာယီးပျာယာ မဖြစ်စေရ
အဲဒါ – ကျွန်ုပ်တို့ အချစ်ပဲ ဖြစ်ရမယ်
တလှစ်လှစ် တရိပ်ရိပ် တရှိန်ရှိန်တွေကြားမှာ
တည်တည်ငြိမ်ငြိမ် ရှိခဲ့တဲ့ အချစ်ဟာ
အဲဒါ – ကျွန်ုပ်တို့ နှစ်ယောက်ပဲ ဖြစ်ရမယ်
သည်ခေတ်မှာ ဒုံးတိုက်သံတွေ ကြမ်းပေမယ့်
ဘယ်တော့မှ အမုန်းစရိုက် မလွှမ်းစေရဘူး
အို – ပြုံးလိုက်စမ်းပါ ရှင်မရယ်... ။



[ ၇ ]

■ နှစ် သုံးဆယ်ကျော်က အနမ်း
တောင်ဖလပ်ပန်းထက် ပိုမွှေးတယ်
ယုံကြည် ရွေးချယ် တည်ဆောက်ခဲ့ကြတဲ့ ဘဝ
မနေ့တစ်နေ့ကလိုပဲ သစ်နေသေးတယ်
အီလက်ထရွန်းနစ် ခေတ်မှာ
အင်တာနက်မပါဘဲ ဆက်သွယ်ရစ်ပတ်
တစ်ယောက် ရင်ဘတ်
တစ်ယောက် ဖတ်လို့ ရတယ်
ငွေလမင်းကို နမ်းခဲ့တဲ့ည
အခုဆက်ထိ တမ်းတနေဆဲလေ
အို – ပြုံးလိုက်စမ်းပါ ရှင်မရယ်... ။

www.burmeseclassic.com



[ ၈ ]

■ အတိတ်ကို
စိတ်လိုလက်ရ သတိရနေမိတာဟာ
ပစ္စုပ္ပန်မှာ (ရှိ)နေတဲ့ ဘဝကို
နှစ်ဆတိုးပြီး နှစ်လွှာထပ်ရုံမျှမက
အနာဂတ်လုလုကို
ကဗျာစပ်ပြနေကြတာ ဖြစ်ပါတယ်
အချစ်... ဘယ်တော့မှ မအို
အချစ်... ဘယ်တော့မှ မနွမ်း
ဟို... နှစ် – သုံးဆယ်ကျော်က အနမ်း
အို – ပြုံးလိုက်စမ်းပါ ရှင်မရယ်... ။

BURMESE CLASSIC .com



[ ၉ ]

■ ရန်ဘယာ အဖြာဖြာကို
အဖန်ဖန် အခါခါ တွန်းလှန်ခဲ့ကြသော်လည်း
ကံကြမ္မာချူချာလွန်းတာကြောင့်
မကြံသာ ပူဟာလို့ မွန်းရော့လေသလား
မျက်ဝန်းမှာ ညိုမှောင်မှောင်နဲ့
ပြိုမယောင် ငိုမယောင် နှုံးဟိုက်ပန်းပြီလား
အို... အရှုံးပိုက်ကာ မလွမ်းလိုက်ပါနဲ့
ပြုံးလိုက်စမ်းပါ...
ပြုံးလိုက်စမ်းပါ ရှင်မရယ် ... ... ... ... ။

ဖေဖော်ဝါရီ၊ ၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com



# မောင်နိုင်မာ

## ၏

## ရေးသားထုတ်ဝေပြီးကဗျာများ


၁။ သိင်္ဂါရင့်ကျက်များ (ဇူလိုင်၊ ၁၉၈၈)

၂။ ငွေလမင်းကို နမ်းတဲ့ည . (ဩဂုတ်၊ ၁၉၉၀)

၃။ နှဒီငါးသွယ် * . ... (မေ ၁၉၉၁)

၄။ ဝဝရတ်တောင်ထိပ်က

တောင်ဆိတ်တစ်ကောင် .. .. (ဒီဇင်ဘာ၊ ၁၉၉၁)

၅။ ဖြစ်တည်မှု ပလုပ်တစ်ကောင် ... (ဇွန်လ၊ ၁၉၉၄)

၆။ ညှော်ခန်းများကို ဖြတ်သန်းခြင်း ** ... (မတ်လ၊ ၁၉၉၇)

၇။ ရှင်မရေ ... ... (ဇူလိုင်၊ ၁၉၉၇)

၈။ ပဋိစ္စသမုပ္ပါဒ် ရှုပ်ရှင် . (အောက်တိုဘာလ၊ ၁၉၉၈)

၉။ မနုဿဗေဒ နိဒါန်း .. . (ဇွန်လ၊ ၁၉၉၉)

၁၀။ အဥ္စလီ ... (နိုဝင်ဘာလ၊ ၁၉၉၉)

၁၁။ ရှင်မရေ (၂) .. .. (မေလ၊ ၂၀၀၀)

၁၂။ စိတ်မှန်တစ်ချပ် သမီးဖတ်ဖို့ (ဇန်နဝါရီလ၊ ၂၀၀၁)

၁၃။ မဂ်လာ အလင်္ကာ . (ဖေဖော်ဝါရီလ၊ ၂၀၀၂)

၁၄။ ချစ်တတ်သူတွေနဲ့အတူ . . (နိုဝင်ဘာလ၊ ၂၀၀၂)


* ကဗျာဆရာ (၅)ဦး စုစည်းမှု

** ကဗျာခံစားမှု ဆောင်းပါးများ

www.burmeseclassic.com